အမှတ်စဉ်(၂၉)

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES


အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)


# မဟာဒါန

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာခု ခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁ - ၃၇၄၁၉၃၊ ၀၉ - ၅၁၄၆၀၉၅

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# မဟာဒါန

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၏ ခွင့်ပြုချက်
စာအမှတ် ၁၁၉/၀၁/(ပုံနှိပ်) သသန-၁၀ အရ
၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀

**ထုတ်ဝေသူ**
သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅) က ပုံနှိပ်ထုတ်ဝေသည်။

**မျက်စာဖုံးဒီဇိုင်း၊ အတွင်းဖလင်နှင့်ပုံနှိပ်**
**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ် ၁၅၂၊ ၂၂-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၄ ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၁၂) ရက်၊ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ ဆုတောင်းပြည့်ကျောင်းတိုက်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဆုတောင်းပြည့် ကျောင်းတိုက် ဂန္ထဝါစကပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဂုဏဝိသိဋ္ဌပူဇာနှင့် ရတနာညွန့် သုံးထပ်ကျောင်းဆောင် ရေစက်ချအလှူတော်မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပ ပြုလုပ်အပ် သည့် ဓမ္မပူဇာ ဓမ္မသဘင်အခမ်းအနားဝယ်ဟောကြား အပ်သော **“မဟာဒါန”** တရားဒေသနာတော်။

# မဟာဒါန

မဟာဒါန မြတ်သောအလှူ သို့မဟုတ် ကြီးကျယ်သောအလှူလို့ မြတ်စွာဘုရားက အင်္ဂုတ္တရနိကာယ် **'အဘိသန္ဒသုတ်'** မှာ ဟောတော်မူခဲ့တယ်။ မြတ်စွာဘုရားက **'မဟာဒါန'** မြတ်သောအလှူ သို့မဟုတ် ကြီးကျယ်သောအလှူ လို့ ဟောထားသော်လည်း အားလုံးက 'ကိုယ်ကျင့်သီလ' အနေနဲ့ပဲ သိကြတယ်။ ကိုယ်ကျင့်သီလတစ်ခုဖြစ်တဲ့ ကျင့်စဉ်တစ်ရပ်ကို မြတ်စွာဘုရားက **'မဟာဒါန'** ကြီးကျယ်တဲ့ အလှူကြီးလို့ ဒီလိုဟောထားတာဖြစ်တယ်။ တခြား သုတ္တန်တွေမှာ တွေ့ရခဲတဲ့ စကားလုံးတစ်ခုပေါ့။

မြတ်စွာဘုရားရဲ့ တရားတော်တွေထဲမှာ ကုသိုလ်အကြောင်းကို ရှင်းလင်းပြတဲ့အခါ အလှူအတန်းနဲ့ ပတ်သက်တဲ့ ဒါနကုသိုလ်၊ လိုက်နာကျင့်သုံး ဆောက်တည်ကြရတဲ့ သီလကုသိုလ်၊ ပွားများအားထုတ်ကြရတဲ့ ဘာဝနာကုသိုလ်လို့ အသီးသီး ဒီလိုဟောကြားထားတယ်။ တစ်ခုနဲ့တစ်ခု လုပ်ဆောင်မှုခြင်းက မတူဘူးပေါ့။

ဒါနဆိုသည်မှာ မိမိမှာရှိတဲ့ မိမိပိုင်ဆိုင်တဲ့ အရာတစ်ခုခုကို တစ်ဦးတစ်ယောက်အား ပေးလှူခြင်း၊ စွန့်ကြခြင်းကိုခေါ်တာ။ ဒါက ပုံမှန်အားဖြင့် ကိုယ့်ရှိတာကို သူများပေးတာ ဒါန။ ထိုဒါနဆိုတဲ့ စကားလုံးကိုလည်း နှစ်မျိုးခွဲပြီးတော့မှတ်ရမယ်။ ဒါနဆိုတဲ့ စကားလုံးက အချို့နေရာမှာ လှူခြင်းဆိုတဲ့ သို့မဟုတ် ပေးလှူကြောင်း စေတနာကို ရည်ညွှန်းတယ်။ အချို့နေရာမှာ လှူစရာ ပစ္စည်းဝတ္ထုကို ရည်ညွှန်းတယ်။ အဲဒါကြောင့် ဒါနကို ဝတ္ထုဒါန၊ စေတနာဒါနလို့ နှစ်မျိုးခွဲရမယ်။

ဝတ္ထုဒါနဆိုတာ ဘာလဲဆိုရင် လှူစရာ ပစ္စည်းဝတ္ထု၊ လှူစရာ ပစ္စည်းဝတ္ထုသည် 'ဝတ္ထုဒါန'။ အဲဒီ

လျှုစရာ ပစ္စည်းဝတ္ထုကို လှူဖြစ်အောင် အားပေးတဲ့ စေတနာကိုတော့ 'စေတနာဒါန' လို့ခေါ်တယ်။ အဲဒီလို မတူတဲ့သဘောကို မှတ်ထားပေါ့။ ဆိုလိုတာက ပစ္စည်း ဝတ္ထုကိုလည်း ဒါန လို့ခေါ်တယ်။ စေတနာကိုလည်း ဒါန လို့ခေါ်တယ်။

ဘယ်နေရာမှာ ခွဲခြားနိုင်တုန်းဆိုရင် **'ဒါနံဒေတိ'** အလှူပေးတယ်ဆိုတဲ့ စကားလုံးကိုကြည့်။ အလှူပေး တယ် ဆိုတာ စေတနာကိုပေးတာ မဟုတ်ဘူး၊ ပစ္စည်း ဝတ္ထုကိုပေးတာ။ အဲဒီဒါနက လှူစရာ ပစ္စည်းဝတ္ထုကို ပြောတာ။ '**ဒါနံ**–လှူစရာပစ္စည်းဝတ္ထု။ **ဒေတိ**–ပေးလှူ ၏' လို့ မြန်မာလိုပြန်ရတယ်။

နောက်တစ်နေရာမှာကျတော့ **'ဒါနေန ဘောဂဝါ'** **'ဒါနေန** – စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကြောင့်၊ **ဘောဂဝါ**–စည်းစိမ်ဥစ္စာ ကြွယ်ဝ၏'။ ဟော ဒီစကား မှာပါတဲ့ **'ဒါန'** အရ စေတနာကို ကောက်ယူရတယ်။ ပစ္စည်းဝတ္ထုကို မကောက်ယူရဘူး။

အဲဒီတော့ လူတွေမှာ လှူစရာ ပစ္စည်းဝတ္ထုရယ်၊ လှူတတ်တဲ့ စေတနာရယ် အဲဒီလို ၂-မျိုးရှိတယ်လို့

မှတ်ရမယ်။ လှူတတ်တဲ့ စေတနာဖြင့် လှူစရာ ပစ္စည်းဝတ္ထုကို လှူလိုက်ကြတယ်။ အဲဒီ ၂-မျိုးထဲမှာ အကျိုးပေးတဲ့အခါ ဘာကအကျိုးပေးလဲဆိုတော့ စေတနာက အကျိုးပေးတာ။ သို့သော် စေတနာချည်းသက်သက် ပစ္စည်းမပါဘဲနဲ့ ဖြစ်သလားဆိုတော့ မဖြစ်ဘူး။ လှူစရာ ပစ္စည်းဝတ္ထုကို အမှီပြုပြီးတော့ လှူချင်တဲ့စေတနာ ပေါ်တာကိုး။ အဲဒီတော့ ဒီနှစ်ခုက ဆက်သွယ်ပြီး နေတယ်။ လှူစရာ ပစ္စည်းဝတ္ထုက အာရုံ၊ လှူတဲ့ စေတနာက အာရမ္မဏိက။ လှူစရာ ပစ္စည်းဝတ္ထုရယ်၊ လှူတတ်တဲ့စေတနာရယ် ဒီနှစ်ခု ပေါင်းစပ်လိုက်တဲ့ အခါမှာ အလှူ အထမြောက်ခြင်းဆိုတာ ဖြစ်လာတယ် ပေါ့။

အဲဒီအထဲမယ် ဒါနစေတနာက အကျိုးပေးတယ်။ လှူစရာ ပစ္စည်းဝတ္ထုကို အမှီပြုပြီးတော့ လှူတတ်တဲ့ စေတနာကလည်း ဖွံ့ဖြိုးတိုးတက်လာတယ်။ စေတနာရဲ့ ဖွံ့ဖြိုးတိုးတက်မှု အားသန်လေလေ ကောင်းကျိုးချမ်းသာကို ရလေလေ။ အဲဒီတော့ ပစ္စည်းဝတ္ထုနဲ့ စေတနာ၊ ဒီနှစ်ခုဟာ ဘယ်သူက အရေးပါတုန်းဆိုရင်

နှစ်ခုစလုံး အရေးပါတယ်လို့ ပြောနိုင်တယ်။ သို့သော်လည်း ပိုပြီးတော့ အရေးပါတာ ပြောပါဆိုရင် စေတနာလို့ ပြောရမှာဖြစ်တယ်။ ဒါကြောင့် ဝေလာမသုတ္တန်မှာ ပစ္စည်းဝတ္ထုက ကောင်းတာပဲဖြစ်ဖြစ်၊ ညံ့တာပဲဖြစ်ဖြစ် အဓိကမဟုတ်ဘူး။ ပစ္စည်းဝတ္ထုက နည်းတာ များတာလည်း အဓိက မဟုတ်ဘူးတဲ့။ အဓိက ကျတာတော့ မှန်ကန်တဲ့စေတနာပဲ ဖြစ်တယ်။

တရားချစ်ခင် သူတော်စင်ပရိသတ်တို့ လှူတိုင်းလှူတိုင်း၊ ဒါနကောင်းမှု လုပ်တိုင်းလုပ်တိုင်း စေတနာဖွံ့ဖြိုးအောင် ကြိုးစားရမယ်။ စေတနာ ဖွံ့ဖြိုးမှုဟာ ဘာကိုအကြောင်းပြုပြီး ဖွံ့ဖြိုးနိုင်သလဲဆိုရင် ပစ္စည်းဝတ္ထုကို အကြောင်းပြုပြီးတော့ စေတနာဖွံ့ဖြိုးတယ်။ အလှူခံပုဂ္ဂိုလ်ကိုအကြောင်းပြုပြီးတော့လည်း စေတနာဖွံ့ဖြိုးတယ်။ အလှူဝတ္ထုက မွန်မွန်မြတ်မြတ် လှူလိုက်ရတယ်ဆိုရင် စေတနာကလည်း ပိုထက်သန်တယ်။ နောက် အလှူခံပုဂ္ဂိုလ်က သီလ၊ သမာဓိနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် သို့မဟုတ် သံဃာအများစုကို ဖြစ်တယ်ဆိုရင် စိတ်က ဝမ်းသာကြည်နူးပြီး လှူလိုတဲ့စေတနာက ပိုပြီး

တော့ ဖွံ့ဖြိုးလာတယ်ပေါ့။ အဲဒီတော့ အလှူဝတ္ထုနဲ့ အလှူခံပုဂ္ဂိုလ် ဒီနှစ်ခုကို အကြောင်းပြုပြီးတော့ စေတနာ သဒ္ဓါတရားက ဖွံ့ဖြိုးတိုးတက်လာတာကိုး။ ဒါကြောင့် ဒီ စေတနာဖွံ့ဖြိုးတိုးတက်မှုအတွက် အလှူဝတ္ထုကလည်း အရေးကြီးတယ်။ အလှူခံပုဂ္ဂိုလ်ကလည်း အရေးကြီးတယ်လို့ပြောတာ။

အဲဒီမှာ ဘာအတွက် အရေးကြီးတာတုန်းဆိုရင် စေတနာအတွက် အရေးကြီးတာ။ အလှူဝတ္ထု ဘယ်လောက်ကောင်းကောင်း စေတနာက ညံ့နေရင် အကျိုးပေး ညံ့သွားမှာပဲ။ အဲတော့ အကျိုးပေးတဲ့နေရာမှာ အဆုံးအဖြတ်ပေးတာသည် ပစ္စည်းဝတ္ထုက မဟုတ်၊ စေတနာသာဖြစ်တယ်။

အဲဒါကြောင့် ကုသိုလ်ကောင်းမှုလုပ်တဲ့နေရာမှာ စိတ်ထားက အင်မတန်အရေးကြီးတယ်ပေါ့။ မြန်မာစကားမှာ 'စိတ်ထားတတ်ရင် မြတ်တယ်' လို့ ဆိုကြတယ်။

နောက်တစ်ခု စဉ်းစားရမှာက လှူတယ်လို့ဆိုရင် များသောအားဖြင့် လူတွေက 'လှူတယ်' ဆိုတဲ့အထဲမှာ

'ယူတယ်' ဆိုတာ ပါနေသေးတယ်နော်။ ယူတယ်ဆိုတာ ပါနေတယ်ဆိုတာ ဘာတုန်းဆိုရင် ကုသိုလ်ရချင်လို့ လှူတယ်ဆိုရင် ရချင်တာက ပါနေသေးတယ်။ တကယ်ကတော့ လှူတယ်ဆိုတာ ကိုယ့်အတွက် မဟုတ်ဘူး။ အလှူခံပုဂ္ဂိုလ်အတွက် စေတနာသန့်သန့် ထားနိုင်ရမယ်။ ကိုယ့်အတွက် မစဉ်းစားနဲ့၊ အလှူခံပုဂ္ဂိုလ်အတွက်ပဲ စဉ်းစားရမယ်။ များသောအားဖြင့် လှူတယ်ဆိုတာ ဘယ်သူ့အတွက်တုန်းဆိုရင် လှူသူအတွက် ဖြစ်နေတတ်တယ်။

ဆိုပါစို့။ ကျောင်းဆောက်လှူတယ်ဆိုရင် ကျောင်းဒကာအဖြစ် ခံယူချင်တယ်။ အများထဲမှာ ဂုဏ်ရှိတယ်ဆိုတဲ့ အတွေးလေးတွေ ပုထုဇဉ်မှာ ရှိတတ်တယ်ပေ့ါ။ တစ်ခုခုလှူတယ်ဆိုရင် အလှူဒကာအနေနဲ့ ထင်ပေါ်ကျော်ကြားမှုလေးတွေ ရချင်တာ။ အဲဒါတွေကို စဉ်းစားကြည့်ရင် 'ဒါရချင်လို့ ဒါလုပ်တယ်' ဆိုရင် အရောင်းအဝယ်သဘော မဆန်ဘူးလား။ အရောင်းအဝယ်သဘော ဆန်နေတယ်။ အဲဒါမျိုးမဖြစ်စေဘဲနဲ့ ကျောင်းဆောက်လှူတယ် ဆိုရင်လည်း ဒီကျောင်းပေါ်မှာ

သီတင်းသုံးတဲ့ ပုဂ္ဂိုလ်တွေ သို့မဟုတ် သံဃာတွေကို ချမ်းသာကြပါစေဆိုတဲ့ စိတ်ကိုထားရမယ်။ အလှူခံ ပုဂ္ဂိုလ်ရဲ့အကျိုးကိုကြည့်ပြီးတော့လှူတာဟာ အင်မတန် မွန်မြတ်တယ်လို့ ပြောရမယ်။

ဒီနေရာမှာ ဆုမတောင်းရဘူးလို့ပြောတာ မဟုတ်ဘူး။ အလှူခံပုဂ္ဂိုလ်ရဲ့ အကျိုးကို ကြည့်ပြီးတော့ လှူလိုက်တယ်။ လှူပြီးတဲ့အခါကျတော့မှ ကိုယ့်ဆန္ဒ ထုတ်ဖော်တာ။ ဒီလို လှူရတဲ့ကုသိုလ်ဟာ သူ့ဟာသူ အကျိုးပေးမှာပဲ။ တောင်းသည်ဖြစ်စေ၊ မတောင်းသည် ဖြစ်စေ ကိုယ်က ဘာကိုရချင်သလဲ၊ ဒီကုသိုလ်ကောင်းမှု ဟာ ဘာကိုဦးတည်အကျိုးပေးစေချင်သလဲ ဆိုတာ ကိုယ်လိုချင်တဲ့ဆန္ဒကို ထုတ်ဖော်တာ။ ဒါ ဆုတောင်းတယ် ခေါ်တာနော်။

အဲဒီတော့ လှူကတည်းက အများအတွက် လှူရမယ်။ အလှူခံပုဂ္ဂိုလ်ရဲ့ အကျိုးကို ဦးတည်ရမယ်။ အလှူခံ ပုဂ္ဂိုလ်တွေအပေါ် မေတ္တာထားမယ်၊ စေတနာ ထားမယ်၊ ကရုဏာထားမယ်။ ဥပမာ မရှိတဲ့ ပုဂ္ဂိုလ် ပေးလိုက်မယ်။ ဩော် သူ့မှာစားစရာမရှိဘူး၊ စားပါစေ၊

အဲဒီလို စိတ်ထားနဲ့ လှူရမယ်။ အေး၊ သူ့ကိုငါက ကျွေးထားတာ၊ တစ်နေ့ကျ ငါ့ကို သူတစ်ခုခု လုပ်ပေးရမယ်လို့ မျှော်တွေးရင် အရောင်းအဝယ် ဖြစ်သွားမယ်။

လှူတယ်ဆိုတာ အပြန်အလှန်မျိုး မဖြစ်စေရဘူး။ ပူဇော်တယ်၊ ချီးမြှောက်တယ်လို့ နှစ်မျိုးရှိတယ်။ ပူဇော်တယ်ဆိုတာ ကိုယ့်ထက်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်၊ သီလသမာဓိရှိတဲ့ ပုဂ္ဂိုလ်တွေကို ကျောင်းဆောက်ပြီးတော့ ပူဇော်တယ် သို့မဟုတ် သင်္ကန်းနဲ့ပူဇော်တယ်။ သူ့ရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေကို ပူဇော်တယ်။ ဒါ ပူဇော်တာ။ အေး၊ လိုအပ်နေတဲ့ ပုဂ္ဂိုလ်ကိုတော့ ချီးမြှောက်တယ်။ ဘာနဲ့ချီးမြှောက်လဲ၊ အေး၊ သူစားစရာမရှိဘူး၊ စားစရာပေးလိုက်တယ်။ နေစရာ မရှိဘူး၊ နေစရာပေးလိုက်တယ်။ ဝတ်စရာမရှိဘူး၊ အဝတ်ကလေး ပေးလိုက်တယ်။ ဒါ ချီးမြှောက်တာ။ အဲဒီ ချီးမြှောက်မှုတွေဟာ လှူသူအတွက် မဖြစ်စေရဘူး။ ယူသူအတွက် ဖြစ်စေရမယ်။

အလှူခံပုဂ္ဂိုလ်မှာ ရရှိတဲ့ အတိုင်းအတာကို ကြည့်ပြီး အလှူဒါနရဲ့ ကောင်းမြတ်မှုကို ဆုံးဖြတ်ရတယ်။

မြတ်စွာဘုရားက **'သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ'** လို့ ဟော ထားတာရှိတယ်။ **ဓမ္မဒါန** က ဘာဖြစ်လို့ ဒါနထဲမှာ အမြတ်ဆုံး ဖြစ်နေရသလဲ။ ဒါကို အလေးအနက် စဉ်းစားကြည့်။ ဥပမာ ပစ္စည်းတစ်ခုခုကို လှူလိုက်လို့ ထိုပစ္စည်းဝတ္ထုရတဲ့ ပုဂ္ဂိုလ်အတွက် အဲဒီပစ္စည်းက ဘယ်လောက် အကျိုးပြုသလဲဆိုတာကို မူတည်ပြီး မြတ် မမြတ် ဆုံးဖြတ်ရတာဖြစ်တယ်။

ဆိုပါစို့။ ဒီ **ဓမ္မဒါန** က မြတ်တယ်ဆိုတာ **ဓမ္မ** ကို လှူလိုက်သဖြင့် အဲဒီ **ဓမ္မ** ကို လက်ခံရရှိလိုက်တဲ့ပုဂ္ဂိုလ်မှာ ဘယ်လောက်အကျိုးများသွားလဲဆိုတဲ့ အပေါ်မှာ မူတည်ပြီးတော့ ဆုံးဖြတ်ရမယ်။ လှူတဲ့ပုဂ္ဂိုလ်နဲ့မဟုတ်ဘူး။ ရတဲ့ပုဂ္ဂိုလ်နဲ့ ဆုံးဖြတ်ရမယ်။

ဥပမာ ဆွမ်းလှူတယ်၊ ဆွမ်းဆိုတာ အားလုံးသိတဲ့ အတိုင်း တစ်မနက်စားပြီးရင် နေ့လည်ကျရင် စားဖို့ လိုအပ်နေသေးတယ်။ မြန်မာတွေကတော့ 'ထမင်း အသက် ခုနစ်ရက်' လို့ ပြောကြတယ်။ ဒါ မသေနိုင် တာကို ပြောတာနော်။ သို့သော် ထမင်းဆိုတာ လူတွေ ဘယ်နှစ်ထပ် စားနေကြသလဲ။ တစ်ထပ်တည်းနဲ့ ဘယ်

သူမှ မဝဘူးနော်။ အနည်းဆုံး နှစ်ထပ်တော့ စားကြတာပဲ။ အဲဒီတော့ ထမင်းရဲ့ စောင့်ရှောက်မှုဟာ နေ့တစ်ဝက်ပဲခံတယ် ပြောရမှာပေါ့။ ထမင်းက တစ်ခါစားပြီးရင် လူကို နေ့တစ်ဝက်ပဲ အကျိုးပြုတယ်။ ဒီလိုအကျိုးပြုတဲ့ အတိုင်းအတာက အင်မတန်နည်းတယ်။

နောက်တစ်ခါ အဝတ်လှူတယ်။ အဝတ်ရဲ့ အကျိုးပြုမှုက ထမင်းထက်တော့ပိုတယ်။ သို့သော် သိပ်ပြီးတော့ ရေရှည်အကျိုးမပြုဘူး။ တစ်လ၊ နှစ်လ၊ သုံးလပေါ့နော်။ ကျောင်းအဆောက်အဦး လှူလိုက်တဲ့အခါကျတော့ နှစ်ပေါင်းများစွာ အကျိုးပြုတယ်။ ဒါကြောင့်မို့လို့ ကျောင်းအလှူကို မြတ်တယ်ပြောတာ။ ဘာဖြစ်လို့တုန်းဆိုတော့ အလှူခံပုဂ္ဂိုလ်တွေအပေါ် မှာ အကျိုးပြုတဲ့ အတိုင်းအတာ ကြီးထွားလို့ မြတ်တယ်ပြောတာ။

ဓမ္မဒါနတရား လှူတာက အလှူခံပုဂ္ဂိုလ်ကို ဘယ်လောက် အကျိုးပြုသလဲကြည့်။ ရှင်အဿဇိ က ရှင်သာရိပုတ္တရာ မထေရ်မြတ်ကို (ရှင်သာရိပုတ္တရာက အဲဒီတုန်းက ဥပတိဿပရိဗိုဇ်ပေါ့။) တရားဓမ္မနဲ့ ရှင်းပြတယ်။ ဓမ္မဒါနပြုလိုက်တယ်။

**'ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ'**။ အကြောင်းကြောင့်ဖြစ်တဲ့ တရားတွေ၊ အကျိုးတရားတွေရဲ့ အကြောင်းတရားတွေကို မြတ်စွာဘုရားက ဟောပါတယ်လို့ ရှင်းပြောလိုက်တာ။ တရားနာလိုက်ရတဲ့ ဥပတိဿပရိဗိုဇ် (ရှင်သာရိပုတ္တရာ)ဟာ ဘယ်လောက် အကျိုးရသွားတုန်းဆိုရင် သောတာပန် ဖြစ်သွားတယ်လေ။ ရှင်အဿဇိ က ဓမ္မဒါနတရားအလှူ လှူလိုက်တဲ့ ပုဂ္ဂိုလ်။ သူ့မှာ ဘယ်လောက် အကျိုးပြုမှာတုန်း။ ရဟန္တာဖြစ်နေပြီလေ။ သို့သော် အဲဒီတရားကို နာယူလိုက်ရတဲ့ ဥပတိဿပရိဗိုဇ် က သောတာပန်ဖြစ်သွားတယ်ဆိုတော့ နည်းတဲ့အကျိုးလား။ အဲဒီတော့ လှူတဲ့ပုဂ္ဂိုလ်အတွက်ရရှိတဲ့အကျိုးထက် ယူတဲ့ပုဂ္ဂိုလ်အတွက် ရရှိတဲ့အကျိုးက ပိုများတာဖြစ်လို့ ပိုပြီးမြတ်တယ်လို့ ဒီလိုမှတ်ရမယ်။ ဒါကြောင့် **'သဗ္ဗဒါနံ ဓမ္မဒါန ဇိနာတိ'** လို့ ဟောတာဖြစ်တယ်။

အေး၊ ယခု ဒီဒေသနာမှာတော့ **'မဟာဒါန'** အမည်နဲ့ ဟောထားတယ်။ မဟာဆိုတဲ့ စကားလုံးက

မြတ်သော သို့မဟုတ် ကြီးကျယ်သော လို့ အဓိပ္ပာယ် ရတယ်။ ကြီးကျယ်သောအလှူ သို့မဟုတ် မြတ်သော အလှူ။ အဲဒီ မြတ်သောအလှူဆိုတာ ဘာကိုပြောတုန်း လို့ ဆိုတော့ မြတ်စွာဘုရားက ငါးပါးသီလကိုပြောတာ။ သီလကို ဒီဒေသနာတော်မှာ ဒါန လို့ ဟောထားခြင်း ဖြစ်တယ်။ အဲဒီတော့ မြတ်စွာဘုရားက အင်္ဂုတ္တိုရ်အဘိသန္ဒသုတ်မှာ မဟာဒါန ငါးမျိုးရှိတယ်တဲ့။

အဲဒီ မဟာဒါနငါးမျိုးဟာ **'အဂ္ဂည'** ကမ္ဘာဦးထဲက ပေါ်တဲ့အရာတစ်ခုဖြစ်တယ်။ အင်မတန် ရှေးကျတယ်။ ဒီအလှူကြီးဟာ အင်မတန်မှ ရှေးကျတဲ့အလှူတဲ့။ **'အဂ္ဂည'** ဆိုတဲ့ အဓိပ္ပာယ်က အဦးအစ အင်မတန် ရှေးကျတဲ့အရာတစ်ခုလို့ ဒီလိုသတ်မှတ်ပြီး ပြောတာ နော်။ နောက်တစ်ခု **'ရတ္တညု'** နှစ်ပေါင်းရှည်ခဲ့ပြီ၊ နှစ်ပေါင်းများစွာ ကြာခဲ့တဲ့အရာတစ်ခုပဲ။ ဒီလို အများက အသိအမှတ်ပြုတယ်တဲ့။ **'ဝံသည'** တကယ့် သူတော်စင်တွေရဲ့ အနွယ်အဆက်၊ သူတော်စင်တွေရဲ့ လုပ်ရိုးလုပ်စဉ်လို့လဲပဲ အားလုံးက အသိအမှတ်ပြုတယ်။ **'ပေါရာဏ'** တကယ့်ကို ရှေးကျတယ်လို့ ဖော်ပြထားတယ်။

ဒါ့အပြင် ဒီ မဟာဒါန ကို ဘယ်ပညာရှိကမှ မပယ်ဖျက်ဝံ့ဘူးတဲ့။ အင်မတန်မှ ရှေးကျပြီး ကမ္ဘာဦး ကာလထဲက ပေါ်လာတာဖြစ်လို့ နှစ်ပေါင်းများစွာ ကြာခဲ့တဲ့ အစဉ်အလာကြီးတစ်ရပ်ဖြစ်လို့ ဘယ်သူကမှ မရှုတ်ချရဲဘူးတဲ့။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ အနေနဲ့ဆိုရင် သရဏဂုံသုံးပါးနဲ့တကွ ငါးပါးသီလကို ဆောက်တည်ကြတယ်ဆိုတာ ရိုးနေပြီ။ ရိုးနေသည့် အတွက်ကြောင့် တစ်ခါတစ်ခါ တန်ဖိုးထားရမှန်း မသိ တော့ဘူး ဖြစ်သွားပုံရတယ်။ အလေးအနက်မထားဘူး ဆိုတဲ့အရာ၊ ရိုးနေတဲ့အရာတစ်ခုဟာ ကိုယ့်အတွက် ဘာမှ ထူးဆန်းမလာသည့်အတွက်ကြောင့် စေတနာ ထက်သန်မှုလည်း ရှိမှာမဟုတ်ဘူးပေါ့။ အဲဒီလို မဖြစ် ရလေအောင် ငါးပါးသီလ ဆောက်တည်တိုင်း ဒို့ တစ်တွေ မဟာဒါန ကြီးကျယ်တဲ့ အလှူကြီးတစ်ခု လှူနေတယ်လို့ ကိုယ့်ကိုယ်ကို သတိထားပြီး စေတနာ စွမ်းအား တိုးမြှင့်တင်ထားဖို့တော့ လိုတာပေါ့နော်။

ဒီသုတ္တန်အရ ကိုယ့်ကိုယ်ကို သတိထားရမယ်။ ငါးပါးသီလနဲ့ပတ်သက်ပြီး ကမ္ဘာလောကကြီးတစ်ခုလုံး ကို ကြည့်လိုက်။ ကိုယ်တစ်ဦးတစ်ယောက်တည်းမကြည့် နဲ့။ အားလုံး ခြုံငုံပြီးတော့ စဉ်းစား။ ရာခိုင်နှုန်းနဲ့ တွက် ကြည့်။ ကမ္ဘာမှာ လူဦးရေ သန်း ၆၀၀၀ ကျော်ရှိတယ်။ အဲဒီထဲမယ် သူများရဲ့အသက်ကိုသတ်ခြင်းမှ ရှောင် ကြဉ်တဲ့ ပုဂ္ဂိုလ်ဆိုတာ နည်းနည်းလေးပဲရှိတယ်။ အဲဒီ တော့ ကိုယ်လုပ်တဲ့အလုပ်ဟာ ဘယ်လောက်တန်ဖိုး ရှိတယ်ဆိုတာကြည့်။ သန်းပေါင်း ၆၀၀၀ ရှိတဲ့ အထဲ မယ် ပါဏာတိပါတမှ ရှောင်တဲ့ပုဂ္ဂိုလ်ဟာ သန်းပေါင်း ၁၀၀ တောင် ရှိချင်မှရှိမယ်။ အေး၊ ဗုဒ္ဓဘာသာဝင်တွေ **'ပါဏာတိပါတာ ဝေရမဏီ'** လို့ လုပ်ထားတယ် ဆိုပေ မယ်လို့ လွယ်လွယ်ကူကူနဲ့ အနီးအပါးမှာရှိတဲ့ ခြင် ကလေးတွေ ဘာလေးတွေတော့ လက်ဝါးနဲ့ ဖျတ်ခနဲ ရိုက်ချင်သေးတာပဲ။

တချို့က စောဒက တက်ကြသေးတယ်။ ခြင်တွေ ကို မသတ်ဘဲ နေလို့ရှိရင်တဲ့ ငှက်ဖျားရောဂါတွေ၊ သွေးလွန်တုပ်ကွေးရောဂါတွေ ဖြစ်မှာစိုးလို့တဲ့။ အဲဒါ

စဉ်းစားကြည့်၊ အစိုးရိမ်လွန်တာလို့ ပြောရမယ်။ ခြင်ကို သတ်ရင် သွေးလွန်တုပ်ကွေးရောဂါတို့၊ ငှက်ဖျားရောဂါ တို့ မဖြစ်တော့ဘူးလားဆိုတော့ တခြားနည်းနဲ့ ဖြစ်ဦး မှာပဲ။ တချို့က ကျန်းမာရေးရှုထောင့်ကကြည့်ပြီး လူ တွေကို အန္တရာယ်ပေးနေတဲ့ သတ္တဝါတွေကို သတ်ရ မယ်ဆိုတဲ့ အယူအဆရှိတယ်ပေါ့။ အဲဒါဟာ ဘာလဲ ဆိုရင် "selfish idea"ပဲဖြစ်တယ်။ လူတွေမှာ"selfish idea" ဟာ အရိုးစွဲနေတယ်။ ကိုယ်ကောင်းစားရေး လုပ်တာ တစ်ကိုယ်ကောင်းဆန်တဲ့ အတွေးပဲဖြစ်တယ်။ အေး၊ ဒီလို တိရစ္ဆာန်တွေ မသတ်လို့ရှိရင် လူတွေ အတွက် အန္တရာယ်ဖြစ်လိမ့်မယ်လို့ တွေးပြီးတော့ ကြောက်တဲ့စိတ်နဲ့ တိရစ္ဆာန်တွေကို သတ်မယ်ဆိုရင် ဒါ မမှန်ကန်တဲ့ လုပ်ရပ်တစ်ခု ဖြစ်တယ်ပေါ့။

ရောဂါဆိုတာ တိရစ္ဆာန်ကြောင့် မဖြစ်ရင်လည်း ဒီ့ပြင်အကြောင်းကြောင့် ဖြစ်မှာပဲ။ တိရစ္ဆာန်ကို ပုံချလို့ မရဘူးလေ။ တခြားနည်းတွေကော မရှိဘူးလား။ ဆိုပါ စို့၊ ခြင်မသတ်ဘဲ ခြင်ထောင်နဲ့ အိပ်မယ်၊ ခြင်တွေ ပေါက်ဖွားမယ့် နေရာတွေကို မပေါက်ဖွားအောင်

ကြိုတင်ပြီးတော့ထိန်းမယ်၊ မဖြစ်နိုင်ဘူးလား။ ဖြစ်နိုင်တာတွေ အများကြီးရှိတယ်။ ဖြစ်နိုင်တာ မလုပ်ဘဲနဲ့ ပေါက်ဖွားတာခံပြီး ပေါက်ဖွားပြီးမှ သတ်မယ်ဆိုရင် **'ပါဏာတိပါတ'** ဖြစ်မှာပဲ။ ဒါကတော့ **'ပါဏာတိပါတ'** ဖြစ်နေပြီ ဆိုကတည်းက ဒီလူတစ်ယောက်ဟာ ဘယ်သူ့ကို အန္တရာယ်ပေးနေတာတုန်းဆိုရင် ခြင်တွေကို အန္တရာယ်ပေးနေတာ။ သူကထင်နေတာ ခြင်ကလူကို အန္တရာယ်ပေးလို့ ခြင်ကိုပြန်ပြီး အန္တရာယ်ပေးတာ ဆိုတော့ ဒါ အပြန်အလှန်သတ်ကြတဲ့သဘောပဲ ဖြစ်သွားတယ်။ အဲဒီတော့ ကိုယ့်အတွက် လုံခြုံစိတ်ချရဖို့ သူများကို သတ်တယ်ဆိုတဲ့ စေတနာဟာ ဘာနဲ့တူတုန်း ဆိုရင် လူဆိုးနဲ့တူတူပဲ၊ ဘာမှမထူးဘူး။ ကိုယ့်ကိုရန်မူလာလို့ ကိုယ်ကဦးအောင်သတ်တာနဲ့ မတူဘူးလား၊ အတူတူပဲ၊ ဘာမှမထူးဘူး။ စိတ်ဓာတ်ချင်းက ဒီအတိုင်းပဲ။ အဲဒီစိတ်ဓာတ်က ပျံ့ပွားလာလို့ရှိရင် လူကိုတောင်မှပဲ ကိုယ့်ကိုအန္တရာယ်ပြုရင် သတ်မယ်ဆိုတဲ့အမြင် ရသွားတာပေါ့။ အဲဒီတော့ **'ပါဏာတိပါတ'** က ရှောင်မယ်လို့ဆိုရင် ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အဲဒါကြောင့်

ငါးပါးသီလထဲက **'ပါဏာတိပါတ'** ရှောင်တယ်ဆိုတဲ့ လူဟာ ရာခိုင်နှုန်းအားဖြင့် အလွန်နည်းတယ်။

မြတ်စွာဘုရား လက်ထက်တော်တုန်းကဆိုရင် Brahman တွေ ဦးဆောင်ပြီးတော့ Sacrifice လုပ်တယ်။ သတ္တဝါတွေကိုသတ်ပြီး ယဇ်နတ်ပူဇော်ခြင်းဖြင့် ကောင်းရာသုဂတိဘုံကို ရောက်တယ်ဆိုတဲ့ အယူအဆကြီးက လွှမ်းမိုးထားတာ။ ဒီကနေ့ခေတ်တောင်မှ ဒီအယူအဆက ရှိတုန်းပဲ။ လည်ချောင်းသွေးနဲ့ ယဇ်ပူဇော်တဲ့ အစဉ်အလာကြီးတွေ ရှိနေတုန်းပဲ။ နာမည်တစ်မျိုးပြောင်းခေါ်ချင် ခေါ်မှာပေါ့နော်။ ရှေးရိုးအတိုင်း လိုက်လုပ်နေကြပဲ။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဘယ်လို ဟောတုန်းဆိုရင် **'ပါဏာတိပါတော ဘိက္ခဝေ အာသေဝိတော ဘာဝိတော ဗဟုလီကတော'** တဲ့။ သူများအသက်သတ်မှု ကျူးလွန်တဲ့ ဒီစေတနာ ပါဏာတိပါတ လုပ်ငန်းကိုတဲ့ စလုပ်မယ်၊ အထပ်ထပ် လုပ်မယ်၊ အကြိမ်ကြိမ် လုပ်မယ်ဆိုရင်တဲ့ အဲဒီ အကုသိုလ်သည် **'နိရယသံဝတ္တနိကော'** ငရဲမှာ ဖြစ်စေ

နိုင်တယ်တဲ့။ **'အပါယသံဝတ္တနိကော'** အပါယ်ဘုံမှာ ဖြစ်စေနိုင်တယ်။ **'တိရစ္ဆာနသံဝတ္တနိကော'** တိရစ္ဆာန် ဘဝရောက်အောင် တွန်းပို့နိုင်တယ်။ ဒါ ဒီလိုဟောထား တာနော်။ ဆိုလိုတာက **'ပါဏာတိပါတ'** စေတနာဖြင့် သူများအသက်သတ်လို့ နတ်ပြည်ရောက်တယ်ဆိုတာ မရှိဘူး၊ ဒီလိုဆိုလိုတယ်။

သို့သော် အယူဝါဒ တိမ်းမှားနေတဲ့ ဘာသာဝင် တွေကျတော့ သတ္တဝါသတ်ပြီး နတ်ပြည်ရောက်တယ်၊ ကောင်းကင်ဘုံရောက်တယ်ဆိုတဲ့ အယူအဆ ရှိနေကြ တယ်။ အဲဒါကတော့ နှစ်ထပ်ကွမ်းမှားတယ်။ ပထမ မှားတာက မိစ္ဆာဒိဋ္ဌိ မှားယွင်းတဲ့အမြင်တစ်ခု။ ဒုတိယ မှားတာက လုပ်ရပ်၊ နှစ်ခု မှားတယ်။ ဒီ အမှားနှစ်ခု ရှိရင် အကျိုးကလည်း နှစ်ထပ်ကွမ်း ခံရမှာပေါ့။ မြတ်စွာဘုရားက ဟောတာကတော့ **'ပါဏာတိပါတ'** သည် အကြိမ်ကြိမ် အထပ်ထပ် လုပ်မိလို့ အကျိုး ပေးခြင်းပေးရင် ငရဲဘုံမှာပဲပေးမယ်၊ အပါယ်ဘုံမှာပဲ အကျိုးပေးမယ်။ အပေါ့ဆုံးအဖြစ်အနေနဲ့ ပြောရင် **'အပ္ပါယုကသံဝတ္တနိကော'** တဲ့။ ဖြစ်လေရာ ဘဝမှာ

အသက်တိုတယ်တဲ့။ အဲဒါ 'ပါဏာတိပါတ'ရဲ့ ပြစ်ချက်ပဲ။

အဲဒါကြောင့် အရိယာသူတော်စင်တွေ ဆိုရင် သူများအသက် မသတ်တော့ဘူး။ အရိယာတွေမှာ ရွေးချယ်စရာ အမြတ်မ်း နှစ်ခုရှိတယ်။ ဘုန်းကြီးတို့ တစ်တွေမှာလည်း အမြတ်မ်း ရွေးချယ်စရာနှစ်ခု ရှိတာပဲ။ သို့သော် အရိယာပုဂ္ဂိုလ်တွေရဲ့ရွေးချယ်မှုနဲ့ ဘုန်းကြီးတို့တစ်တွေရဲ့ ရွေးချယ်မှုက အလွန်ကွာတယ်။ ဆိုပါစို့၊ အရိယာပုဂ္ဂိုလ်တွေက တရားမမှုနဲ့ စည်းစိမ်ဥစ္စာ ဘာကိုရွေးမလဲဆိုရင် အရိယာပုဂ္ဂိုလ်တွေက တရားမမှုကို ရွေးတယ်။ ပစ္စည်း အဆုံးခံတယ်။ ပုထုဇဉ်တွေကတော့ ဘာကိုရွေးတုန်းဆိုရင် ပစ္စည်းတော့ အဆုံးမခံနိုင်ဘူး၊ တရားက နောင်ခါလာ နောင်ခါချေ၊ ဟုတ်လား။ မတူတဲ့အကြောင်းကို ပြောတာနော်။

လောကမှာ ရွေးချယ်စရာလေးတွေရှိတယ်။ ဆိုပါစို့၊ သာမန် ပုဂ္ဂိုလ်တစ်ယောက် အနေနဲ့ပြောမယ်။ သာမန် ရွေးချယ်စရာလေးတွေက ဘာတုန်းဆိုရင် အသက်နဲ့ ပစ္စည်းဥစ္စာ ဒီနှစ်ခု ဘယ်ဟာရွေးရမလဲ။

ပစ္စည်းဥစ္စာပဲ အပျက်ခံမလား၊ အသက် အသေခံမလား လို့ဆိုရင် ပစ္စည်းဥစ္စာကို အပျက်ခံလိုက်ကြတယ်၊ အသက်အသေမခံဘူးပေါ့။ အသက်နဲ့ လက်ခြေအင်္ဂါ ဘယ်ဟာရွေးမလဲဆိုရင် အသက်ကိုရွေးပြီးတော့ လက်ခြေအင်္ဂါကို အဖြတ်ခံလိုက်တယ်။ အသက်မသေပြီးရောဆိုပြီးတော့ ဒီလိုရွေးတယ်။ နောက် တရားနဲ့ အသက် ဘာကိုရွေးရမလဲဆိုရင် သူတော်ကောင်းတွေက တရားကိုရွေးတယ်၊ အသက်ကို မရွေးဘူးတဲ့။ ပုထုဇဉ်တွေကတော့ အသက်ကိုပဲရွေးတယ်။ တရားကို မရွေးဘူးပေါ့။ ရွေးချယ်မှုတွေ မတူကြဘူး။ ဒါကြောင့် အရိယာ ပုဂ္ဂိုလ်တွေက အသက်တည်းဟူသော အကြောင်းကြောင့်ပဲဖြစ်စေ သူများအသက်ကို မသတ်ကြတော့ဘူး။ ကိုယ်ပဲအသေခံမယ်။ အဲဒါ ဘာကို တန်ဖိုးထားတာတုန်းဆိုရင် ကိုယ့်အသက်ထက် သီလကို တန်ဖိုးထားတယ်၊ အမြင်ခြင်း မတူဘူး။

သာမန်ပုဂ္ဂိုလ်ကတော့ ဒီလိုမတွေးဘူးလေ။ အေး အသက်တော့ အသေမခံဘူး၊ လာမထိနဲ့၊ ကိုယ့်အန္တရာယ်ပြုတဲ့လူ ရှင်းလိုက်မယ်ပေါ့။ ဒီလိုတွက်တာ

လေ။ အရိယာသူတော်စင်က အေး၊ သူများကိုရှင်းလိုက်တာ ဟုတ်ပြီ၊ သူများကိုသတ်လိုက်ရင် **'ပါဏာတိပါတ အမှု ပါဏာတိပါတ'** ကံကို ကျူးလွန်လိုက်တယ်။ ဒီကျူးလွန်လိုက်သည့် အတွက်ကြောင့် ကိုယ်ကတော့ ဒီဘဝမှာ အသက်ရှင်သွားတယ်။ သို့သော် **'ပါဏာတိပါတ'** ကံရဲ့ အကျိုးအနေနဲ့ နောင်ဘဝမှာ ငရဲကျရမယ်၊ တိရစ္ဆာန်ဖြစ်ရမယ်၊ ပြိတ္တာဖြစ်ရမယ်၊ နောက်ကျတော့ ဖြစ်လေရာဘဝမှာ အသက်တိုဦးမယ်။ ဟော၊ နောက်ဆက်တွဲလာမယ့် အကျိုးဆက်တွေက အများကြီး။ အဲဒါတွေကို မမြင်သည့်အတွက်ကြောင့် ရွေးရင် တရားကို မရွေးဘဲနဲ့ တန်ဖိုးမရှိလှတဲ့ ကိုယ့်အသက်ကို ရွေးလိုက်တာတဲ့။

ဒါကြောင့်မို့ လောကမှာ **'ပါဏာတိပါတ'** ကို ရှောင်တဲ့ပုဂ္ဂိုလ်နဲ့ **'ပါဏာတိပါတ'** ကို လုပ်တဲ့ပုဂ္ဂိုလ်မှာ **'ပါဏာတိပါတ'** ကိုရှောင်တဲ့ ပုဂ္ဂိုလ်က အင်မတန်နည်းပြီး လုပ်တဲ့ပုဂ္ဂိုလ်က များတယ်လို့ ပြောရမယ်။ အဲဒီတော့ မြတ်စွာဘုရားက ဟောထားတယ်။ အရိယာဖြစ်တဲ့ တပည့်ဟာတဲ့၊ မြတ်စွာဘုရားရဲ့ အရိယာတပည့်

ဟာ သူများအသက်သတ်ခြင်းမှ ရှောင်ကြဉ်တယ်တဲ့။ အဲဒီ ရှောင်ကြဉ်တာဟာ ဒါနရှုထောင့်က ကြည့်မယ် ဆိုရင် အင်မတန်ကြီးမားတဲ့ ဒါနကြီးပဲ။

ဒါဖြင့် သူများအသက် သတ်ခြင်းမှ ရှောင်တာနဲ့ ဘာဖြစ်လို့ **မဟာဒါန** ဖြစ်တာတုန်းဆိုတော့ ကိုယ်က သူများအသက်မသတ်လို့ရှိရင် ပတ်ဝန်းကျင်မှာ သတ္တဝါ တွေ အများကြီးရှိတယ်။ လူတွေပဲ သန်းပေါင်း ၆၀၀၀ ကျော်ရှိတယ်။ တိရစ္ဆာန်တွေဆိုရင် မရေမတွက်နိုင် အောင်ရှိတယ်။ အဲဒီ မရေမတွက်နိုင်အောင် များပြား တဲ့ သတ္တဝါတွေကို ကိုယ့်လက်နဲ့ ဘယ်တော့မှ အသက် မထွက်စေရဘူးဆိုတဲ့ ရှောင်ကြဉ်မှုလေးဟာ သာမန် ကြည့်တော့ဖြင့် အသေးလေးလို့ထင်ရမယ်။ သို့သော် သတ္တဝါတွေအားလုံးကို ကိုယ်က **'အဘယ ဒေတိ'** ဘေးမဲ့ပေးလိုက်တာပဲ။ ဒါဟာ ကြီးမားတဲ့ ကုသိုလ်ကြီး တစ်ခုဖြစ်တယ်။

သူတို့ကို အန္တရာယ်မပြုဘူး ဆိုကတည်းက ငါ အန္တရာယ်မပြုတာ လူသားပေါင်း သန်းပေါင်း ၆၀၀၀ ကျော်ကို အန္တရာယ်မပြုဘူးဆိုတော့ သန်းပေါင်း ၆၀၀၀

ကျော်ကို ကိုယ်က ဘေးမဲ့ပေးရာ မရောက်ဘူးလား။ အေး၊ အဲဒီ သန်းပေါင်း ၆၀၀၀ ကျော်ဟာ ငါ ဆိုတဲ့ ရန်သူအတွက်နဲ့ သူတို့ ဘယ်တော့မှ ဒုက္ခမရောက်စေရဘူးဆိုတော့ ရန်ကင်းအောင် လုပ်ပေးလိုက်တာနဲ့ အတူတူပဲ။ ဒါကြောင့် '**အဝေရံ ဒေတိ**' ရန်မရှိမှု၊ ရန်ကင်းမှုကို ပေးတယ်တဲ့။ နောက် '**အဗျာပဇ္ဈံ ဒေတိ**' သန်းပေါင်း ၆၀၀၀ ကျော်သော လူသတ္တဝါတွေကို ဆင်းရဲဒုက္ခလွတ်ကင်းအောင် ပေးလိုက်တာနဲ့ အတူတူပဲတဲ့။

ကဲ၊ စဉ်းစားကြည့်လိုက်စမ်း။ မသတ်ဘဲရှောင်တာက ဒီလောက်ထိအောင် အကျိုးကျေးဇူး ရှိတယ်။ အတိုင်းအတာကင်းမဲ့တယ်။ ဒါ လူသားတင်ပြောတာ။ ခြင်တွေရဲ့ population ကြည့်မယ်ဆိုရင် သန်းပေါင်း ၆၀၀၀ ဘယ်ကမတုန်း။ ပုရွက်ဆိတ်တွေရဲ့ population ကြည့်ရင်ကော သန်းပေါင်း ၆၀၀၀ ဘယ်ကမလဲ၊ ပုရွက်ဆိတ်တွင်း တစ်တွင်းတွင် သန်းပေါင်း ၆၀၀၀ မကဘူးနော်။ အဲဒီတော့ အားလုံးသော သတ္တဝါတွေကို ကိုယ်က ဘေးမဲ့ပေးလိုက်တယ်၊ ရန်ကင်းမှုကို

ပေးတယ်၊ ဆင်းရဲဒုက္ခ မရှိမှုကိုပေးတယ် ဆိုတော့ အလွန်ကြီးမားတဲ့ **မဟာဒါနကြီး**ပေါ့။

ဒါကြောင့် မြတ်စွာဘုရားက အဲဒီ ရှုထောင့်ကနေပြီးတော့ ကိုယ်က သတ္တဝါတွေကို မသတ်ဘဲနဲ့ ရှောင်ကြဉ်ခြင်းဖြင့် သတ္တဝါအားလုံးကို ဘေးမဲ့ပေးရာရောက်လို့ ဒီ **'ပါဏာတိပါတ'** က ရှောင်တယ်ဆိုတဲ့ ကိုယ်ကျင့်သီလဟာ တကယ့်ကိုမြတ်တဲ့ အလှူကြီးတစ်ခုပါပဲတဲ့။ အင်မတန်မှ ကြီးမားတဲ့၊ မြင့်မြတ်တဲ့ ဒါနတစ်ခုဖြစ်လို့ **မဟာဒါန**ကြီးတစ်ခုပါတဲ့၊ ဒီလိုဟောတယ်။ ဒီအချက်ကို အာရုံပြုကြည့်မယ်ဆိုရင် အလွန်ဝမ်းသာစရာပေါ့။

နောက်တစ်ခုက **အဒိန္နာဒါန**။ **အဒိန္နာဒါန** ကိုလဲ ဒီလိုပဲဟောတယ်။ လောကကြီးမှာ သန်းပေါင်း ၆၀၀၀ ကျော်ရှိတဲ့ လူတွေထဲမှာ တော်တော်များများက ထင်ကောင်းထင်မယ်၊ သူများမပေးတဲ့ပစ္စည်းကို မယူတဲ့လူက များတယ်လို့။ အရပ်ထဲမှာ သူခိုးကနည်းတယ်၊ လူကောင်းတွေကများတယ် ဒီလိုပြောကြတယ်နော်။ ဟုတ်တယ်၊ ဟိုအိမ်တက်ခိုး၊ ဒီအိမ်တက်ခိုးတဲ့ သူခိုးကတော့ နည်းတယ်။ သို့သော် ဒိပြင်နည်းနဲ့ ခိုးနေကြ

တာက တော်တော်များတယ်။ ဥပမာ ငရုတ်သီးမှုန့်ထဲ ကို ဒီပြင်ဟာတွေထည့်ရောပြီး ရောင်းရင်၊ နာမည်တပ် လိုက်တာက ငရုတ်သီးမှုန့်၊ ဒီပြင်ဟာတွေထည့်ရောင်း တာဆိုရင် ဒါ ခိုးရာမရောက်ဘူးလား။ အေး၊ အနံ့လေး တွင် နနွင်းမှုန့်ထည့်ပြီး ဒီပြင်ဟာတွေ ရောရောင်းရင် ကော၊ ဆီထဲမှာလဲ ဆီသန့်နဲ့ ဆီမသန့် ရောင်းရင်ရော၊ ဒါလည်းပဲ **အဒိန္နာဒါန** ထဲ ပါတယ်နော်။ သတိထားကြ ရမှာပါ။ တံဆိပ်ကပ်ထားတာကတစ်မျိုး၊ ရောင်းနေတဲ့ ပစ္စည်းက တစ်မျိုးဆိုရင် ဒါလဲ ခိုးခြင်း ၂၅ ပါးထဲ ပါတာ ပဲ။ ကောင်းတဲ့ပစ္စည်းနဲ့ မကောင်းတဲ့ပစ္စည်း ရောတယ်၊ အဲဒါကျတော့ လူတွေက သူခိုးလို့ မထင်ကြဘူးလေ။ သူခိုးလို့လည်း ဘယ်သူကမှ မသတ်မှတ်ဘူး။ တကယ် ကတော့ ခိုးခြင်း ၂၅ ပါး ရှုထောင့်က ကြည့်မယ်ဆိုရင် **အဒိန္နာဒါန** လွတ်တဲ့ ပုဂ္ဂိုလ်က အင်မတန်နည်းသွား ပြန်ရော။ အဲ ခုနက သူခိုးဆိုတဲ့ ပုဂ္ဂိုလ်ကတော့ ရှားကောင်းရှားပါလိမ့်မယ်။ မဟုတ်တဲ့နည်းနဲ့ သူများ ရဲ့ ပစ္စည်းကို ရအောင်ယူတယ်ဆိုတဲ့ အရာအားလုံးဟာ **အဒိန္နာဒါန** ပဲ။ ဒါကြောင့်မို့ **အဒိန္နာဒါန**ရဲ့ အဓိပ္ပာယ်

ကိုက '**အဒိန္န+အာဒါန**'၊ **အဒိန္န**– သူတစ်ပါးက ကြည်ကြည်ဖြူဖြူပေးတာ မဟုတ်တဲ့ သူတစ်ပါးပိုင်ပစ္စည်းကို၊ **အာဒါန**–ရယူမှု တဲ့။ အေး၊ ကြည်ကြည်ဖြူဖြူ ပေးတဲ့ ပစ္စည်း မဟုတ်တာကို ရယူတာမှန်သမျှ **အဒိန္နာဒါန** လို့ မှတ်ရမယ်။

ကဲ၊ **အဒိန္နာဒါန** က ရှောင်လိုက်ပြီ၊ စင်စင်ကြယ်ကြယ် အသက်မွေးတယ်၊ ရိုးသားတယ်၊ ဖြောင့်မတ်တယ်၊ အမှန်အတိုင်းလုပ်တယ်။ **အဒိန္နာဒါန** က ရှောင်လိုက်ပြီဆိုရင် ကျန်တဲ့တစ်ဖက်သား အန္တရာယ်တွေ အများကြီး ကင်းသွားတယ်ပေါ့။ မိမိတည်းဟူသော အကြောင်းကြောင့် ဒုက္ခရောက်တာ မရှိဘူး။ ဥပမာမယ် ဆီထဲကို မသန့်တာတွေထည့်ရောလို့၊ မတော်တာတွေ စားမိလို့ ဒုက္ခရောက်တာ မရှိဘူး။ ဆေးတုတွေရောင်းလို့၊ သောက်မိလို့ ဒုက္ခရောက်တာတွေ မရှိဘူး။ အမျိုးမျိုးပေါ့။ ကနေ့ခေတ်မှာဆိုရင် အင်မတန်မှ ဒီအတုတွေ အန္တရာယ်များလာတယ်ပေါ့။ ပစ္စည်းကို အမျိုးစုံ လုပ်လာတဲ့ အရာတွေက အန္တရာယ်တစ်ခု ဖြစ်လာတယ်ပေါ့။ ဩော်၊ အဲဒါတွေ မလုပ်ဘူး ဆိုလို့ရှိရင်

သန်းပေါင်း ၆၀၀၀ ကျော်သော လူတွေအတွက် ငါ အန္တရာယ်ကင်းအောင် လုပ်ပေးတယ်ဆိုတဲ့ **မဟာဒါန** ကြီး တစ်ခုပဲပေါ့။ တကယ့်ကိုမြတ်တဲ့ အလှူဒါနကြီး တစ်ခုကို ငါပေးနေတယ်လို့ စိတ်ထဲမှာ ဒီလိုအောက်မေ့ ရမယ်။

တစ်ခါ **ကာမေသုမိစ္ဆာစာရ** ကိုကြည့်။ **ကာမေသု မိစ္ဆာစာရ**၊ ကာမကိစ္စတွေနဲ့ ပတ်သက်ပြီး မမှောက်မှား ဘူး၊ သူတစ်ပါး သားသမီးကို မပြစ်မှားဘူး။ အဲဒီလို ရှောင်တဲ့ပုဂ္ဂိုလ်ဟာ လောကမှာ ဘယ်လောက်ရှိလဲ ဆိုရင် အင်မတန်မှနည်းတယ်ပေါ့။ လူမသိရင် သူတော် ကောင်းပဲ။ အရပ်ထဲမှာ တချို့ကိစ္စတွေက မသိလို့ သူတော်ကောင်း ဖြစ်နေကြတာ။ မြတ်စွာဘုရား ကတော့ကြည့် **'အရဟံ'** ဆိတ်ကွယ်ရာမှာတောင် မကောင်းမှုကို မလုပ်ဘူးတဲ့။ များသောအားဖြင့် လူ ကဲ့ရဲ့မှာကြောက်လို့ လူရှေ့သူရှေ့မှာ မကောင်းမှုကို မလုပ်တာ၊ ကိုယ်ဘာသာကိုယ်တော့ ကိုယ်ဟုတ်တာ မဟုတ်တာ သိတယ်။ အဲဒီမှာ မြတ်စွာဘုရားဟောထား တာရှိတယ်။ ဒါကို ဆင်ခြင် စဉ်းစားကြည့်ထိုက်တယ်

ပေါ့။ **'နတ္ထိလောကေ ရဟောနာမ ပါပကမ္မံ ပကုဗ္ဗတော'** မကောင်းတာလုပ်တဲ့ ပုဂ္ဂိုလ်အဖို့ ဆိတ်ကွယ်ရာဆိုတာ မရှိဘူးတဲ့။ လောကလူတွေကတော့ ဒါ ဘယ်သူမှ မသိဘူး၊ ဆိတ်ကွယ်ရာလို့ ထင်ကြတယ်တဲ့။ မြတ်စွာဘုရားက ဘာထောက်ပြတုန်းဆိုတော့ **'အတ္တာ တေ ပုရိသ ဇာနာတိ'** မင်းကိုယ်မင်း သိနေတယ်တဲ့။ ကိုယ့်ဟာကိုယ်သိတယ် ဆိုကတည်းက သိတဲ့လူရှိတယ်ပေါ့။ ဘယ်သူမှ မသိရင် ကိုယ်သိတာပေါ့၊ ဟုတ်လား။ ကိုယ်သိတယ်ဆိုကတည်းက ကိုယ်မမြင်ရတဲ့သတ္တဝါတွေ၊ ကိုယ်စောင့်နတ်တွေ မသိဘူးလား။ ကိုယ်စောင့်နတ်ကလည်း အငြိမ်နေမှာမဟုတ်ဘူး၊ လျှောက်ပြောမှာ၊ နတ်ဆိုတာလည်း လူလိုပဲ၊ အတင်းအဖျင်း ပြောချင်တာပဲ။ သူလည်း သတင်းပေးတာပဲလေ။ ဓမ္မစကြာတရား ဟောတဲ့အခါတုန်းက နတ်တွေက သတင်းပေးသွားတာ မဟုတ်လား။ မြတ်စွာဘုရား တရားဟောတယ်ဆိုတာ ပထမ မြေပေါ်မှာ ဘုံဗိမာန်ရှိတဲ့ **'ဘုမ္မဒေဝတာ'** 'ဘုမ္မဇိုဝ်းနတ်'တွေက ဓမ္မစကြာတရား ဟောတယ်လို့ သတင်းပေးတယ်။ ထိုအခါကျ ကောင်းကင်က နတ်

တွေက ကြားကြရတယ်။ ကောင်းကင်က နတ်တွေကလည်း ဟာ၊ ဒီသတင်းရတော့ တဆင့် ပြောပြောသွားတာပေါ့။ ဒါကြောင့် သတင်းဆိုတာ ပြန့်သွားတာပဲ။ တစ်ကမ္ဘာလုံး သတင်းပြန့်သွားတယ်။ 'လူသတင်း လူချင်းဆောင်၊ ပန်းသတင်း လေညှင်းဆောင်'ဆိုတာလို ဆောင်သွားတာ။ သတင်းစာထဲ ဘာထဲ ထည့်စရာမလိုဘူး၊ အကုန်လုံး ကြားသွားတာ။ တစ်ဦးနဲ့တစ်ဦး၊ တစ်ဆင့်ပြီးတစ်ဆင့် ပြောသွားကြတာ။ အဲဒီတော့ ဆိတ်ကွယ်ရာဆိုတာ ဘယ်လိုလုပ်ရှိမှာတုန်း။

နတ်ဆိုတာ လူရဲ့စိတ်ကို သိတယ်။ နောက်ပြီး ကြည့်မယ်ဆိုရင် '**ပရစိတ္တဝိဇာနန**' သူတစ်ပါးစိတ်ကို သိနိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ **စေတောပရိယဉာဏ်**ရတဲ့ ပုဂ္ဂိုလ်တွေက ကြည့်လိုက်မယ်ဆိုရင် ဆိတ်ကွယ်ရာဆိုတာ ဘယ်လိုလုပ် ရှိမှာတုန်း။ အဲဒါကြောင့် အကုသိုလ်လုပ်ပြီဆိုရင် လူတွေကသာ ဆိတ်ကွယ်ရာလို့ ထင်နေပေမယ့်လို့ တကယ်က ဆိတ်ကွယ်ရာ မရှိဘူး။

ဒီ **ကာမေသုမိစ္ဆာစာရ** အမှုကို မရှောင်ဘူးဆိုရင် မိသားစု တစ်ခုနဲ့တစ်ခုဟာ မုန်းတီးမှု၊ အန္တရာယ်တွေ

ဖြစ်မှု ဒါတွေရှိလာတယ်ပေါ့။ မသိလို့သာ မမုန်းကြတာ ကိုး၊ သိရင်တော့ မုန်းကြမှာပဲ။ **ကာမေသုမိစ္ဆာစာရ** မှ ရှောင်လိုက်တဲ့ပုဂ္ဂိုလ်က သန်းပေါင်း ၆၀၀၀ သော လူတွေကြားထဲမှာ ဒီလိုဒုက္ခကို မပေးဘူးဆိုတော့ လူသားတွေအားလုံးကို **'အဘယဒေတိ'** ဘေးမဲ့ပေးတာ နဲ့ မတူဘူးလား။ ကိုယ်ကျင့်တဲ့အကျင့်ဟာ အများကို ဘယ်သူ့မှ အနှောင့်အယှက်မဖြစ်လို့ ဘေးမဲ့ပေးရာ၊ ဆင်းရဲဒုက္ခကင်းရာ ချမ်းသာမှုကိုပေးတဲ့၊ ရန်ကင်းမှု ကိုပေးတဲ့ **မဟာဒါန**ကြီးတစ်ခုပါပဲလို့ မြတ်စွာဘုရားက ဟောတော်မူတယ်။

နောက်ပြီး **မုသာဝါဒ**။ အေး ... ၊ လောကမှာ **မုသာဝါဒ** မှ ရှောင်ကြဉ်တယ်ဆိုတာ အလွန်နည်းတယ်။ မှန်တာပြောရင်ပဲ စကားမချောသလို ဖြစ်လာတယ်။ အဲဒီတော့ မှန်တာပြောရင် လက်ာမချောဘူးပေါ့။ လက်ာချောအောင် မှန်တာမပြောနဲ့လို့ အဓိပ္ပာယ်ရနေ တယ်။ မုသားမပါ လက်ာမချောတဲ့။ ဒီအဆိုကို ဘယ် သူက စလုပ်ထားလဲမသိဘူး၊ နည်းနည်းလေး အလိမ်

အညာလေး၊ အပိုလေး ထည့်လိုက်တော့မှ အဟုတ်လို့ ထင်ကြတာလို့ဆိုတယ်။

လာဘ်လာဘရအောင်လုပ်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ အဋ္ဌကထာဆရာကြီး ဖွင့်ထားတာရှိတယ်။ "လောကမှာ ပစ္စည်းတစ်ခုရဖို့၊ လာဘ်လာဘရဖို့ဆိုတဲ့ အကျင့်ဟာ ဘာနဲ့တူတုန်းဆိုရင် နို့ယနာထမင်းထဲမှာတဲ့၊ လက်ညှိုးလေးနဲ့ တည့်တည့်ထိုးပြီး ပြန်နှုတ်လိုက်ရင် ထမင်းက လက်ထဲပါလာမှာမဟုတ်ဘူးတဲ့"။ ဆိုလိုတာက ရိုးဖြောင့်နေရင် ဘာမှမရဘူးလို့ပြောတာ။ ရိုးဖြောင့်နေတဲ့ပုဂ္ဂိုလ်က ဘာမှမရဘူး။ ရိုးရိုးကြီး သွားလုပ်လို့မရဘူး၊ ခုခေတ်ပြောကြတယ်လေ။ ဒီလူက တယ်ရိုးတာကိုး။ ရိုးလို့ရှိရင် လူတွေက ရှုံ့ချကြတယ်။ 'လက်ညှိုးလေးကို နည်းနည်းလေး ကောက်လိုက်မယ်ဆိုရင် နို့ယနာခဲကြီး ပါမလာဘူးလား၊ အဲဒါလိုပဲတဲ့။ နည်းနည်းလေးကောက်မှ ပစ္စည်းကရတယ်'။ သို့သော် နိဗ္ဗာန်ကိုတော့ တစ်ဖြောင့်တည်းလုပ်မှ ရတယ်၊ ကောက်လို့မရဘူး။ နိဗ္ဗာန်သွားတဲ့လမ်းနဲ့ လာဘ်ရကြောင်းလမ်းက တစ်ခြားစီ ဖြစ်နေတယ်။ လက်

ကလေး နည်းနည်းကောက်လိုက်တာနဲ့ နို့ယနာတွေ လက်ထဲပါလာတယ်၊ ဖြောင့်ပြီးတော့ ပြန်နှုတ်လိုက်ရင် မပါလာဘူး။ အဲဒါလိုပဲ လောကမှာ 'မုသားမပါ လင်္ကာ မချော' လုပ်ပြီး နည်းနည်းလေး အပိုကလေးထည့်ပြီး ပြောမှ အဆင်ပြေတယ်လို့ ထင်လာကြတယ်။ ဒီတော့ လောကလူတွေမှာ မုသား မပြောတဲ့လူက မရှိ သလောက် ဖြစ်လာတယ်။

ငယ်ငယ်တုန်းက ဆရာတော်ဘုရားကြီးတစ်ပါး ပြောတာ ကြားဖူးတယ်။ ရယ်စရာအနေနဲ့ပြောတာပါ။ ရယ်စရာအနေနဲ့ပြောပေမယ့်လို့ အလွန် မှတ်သားစရာ ကောင်းတယ်နော်၊ သတိထားစရာလည်းကောင်းတယ် ပေါ့။ ဒါ သတိပေးတဲ့အနေနဲ့ ပြောတာလည်း ဖြစ်နိုင် တယ်။ အေး၊ မုသာဝါဒ ကျူးလွန်တဲ့ပုဂ္ဂိုလ်တွေဟာ စကားမပီဘူး၊ သွားမညီဘူး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သွားတွေ ကျိုးတယ်လို့ ဆိုတယ်။ ဒါနဲ့ပတ်သက်ပြီး ဆရာတော်ဘုရားကြီးက ဘာအမိန့်ရှိတုန်းဆို 'မုသား ပြောလို့ သွားကျိုးမယ်ဆိုရင် ဓမ္မကထိကတွေ သွား တစ်ချောင်းမှရှိမှာ မဟုတ်တော့ဘူး' တဲ့။ အဲဒါ ဓမ္မ

ကထိကတွေကို သတိပေးလိုက်တာပဲ။ မှန်မှန်ကန်ကန် ဟောဖို့ သတိပေးတဲ့ သဘောပဲနော်။ အဲဒီတော့ ဘုန်းကြီးတို့တစ်တွေ ဒါ စဉ်းစားရမယ့်အရာပဲ။

အကုသိုလ်ဆိုတာ အခုလုပ် အခုအကျိုးပေးတာမှ မဟုတ်တာကိုး။ အရပ်ထဲမှာ မုသားစကားပြောလို့ သွားကျိုးရမယ်ဆိုရင် သွားစိုက်ဆရာတွေ သူဌေးဖြစ်နေကြပြီ။ ခုခေတ် သွားတစ်ချောင်း တစ်သိန်းကျော် နှစ်သိန်းတန်တယ်၊ ကောင်းပြီ၊ မုသာဝါဒရှောင်တဲ့ လူတွေ အလွန်နည်းတယ်လို့ပြောရမယ်။ ရာခိုင်နှုန်းနဲ့ တွက်ရင် အလွန်နည်းတယ်။ အဲဒီ အလွန်နည်းတဲ့အထဲ မယ် ငါသည် ကိုယ်သိတဲ့အတိုင်း မှန်တာကိုသာပြောမယ်၊ မပြောချင်ရင် ပါးစပ်ပိတ်ထားပေါ့နော်။ ပြောမယ်ဆိုရင် မှန်တာကိုပဲပြောမယ်၊ မမှန်တာကို မပြောဘူး။

မုသားမှ ရှောင်ကြဉ်မှုဟာ အတိုင်းအတာမဲ့တဲ့ သတ္တဝါတွေကို ဘေးမဲ့ပေးခြင်းပဲ။ ဘာဖြစ်လို့တုန်းဆိုရင် လောကမှာကြည့်လေ၊ ဘယ်သူကဖြင့် ဘယ်သူ့ကို လိမ်သွားပြန်ပြီနဲ့ အလိမ်ခံလိုက်ရတဲ့လူက အလွန်

ဒုက္ခရောက်တယ်။ လိမ်ပြောတာတို့ ဘာတို့ဆိုတာမျိုး တွေက နောက်ပိုင်း အလိမ်ပေါ်လာတဲ့အခါ စိတ်ဆိုး စရာတွေ၊ ရန်ဖြစ်စရာတွေ ဖြစ်လာကြတယ်ပေါ့။ အစ ကတည်းက မလိမ်ဘူး၊ မှန်တာပဲပြောတယ်ဆိုတော့ တစ်ဦးနဲ့တစ်ဦး ယုံကြည်စိတ်ချရတဲ့ပုဂ္ဂိုလ်တွေ ဖြစ်လာ မယ်။ ဖြစ်လာတဲ့အခါ ဟော၊ အန္တရာယ်ကင်းတာပေါ့။ ဒါကြောင့်မို့ **မုသာဝါဒ** က ရှောင်ကြဉ်ခြင်းဟာလည်း သတ္တဝါတွေကို ဘေးမဲ့ပေးရာရောက်ပါတယ်တဲ့။ **မဟာ ဒါန** တစ်ခုပါပဲတဲ့၊ ဒီလိုဟောတာ။

ဟော၊ နောက်တစ်ခုက ဘာလဲဆိုရင် **'သုရာမေရယ'**။ မူးယစ်ဆေးဝါး၊ အရက်သေစာ မသောက်စားခြင်း။ လောကမှာ ဒီ မူးယစ်ဆေးဝါးနဲ့ ကင်းတဲ့ပုဂ္ဂိုလ် အရေအတွက် မများလှဘူး။ အရပ်ထဲ မှာတော့ ဟာ၊ ဒီလူက ဘိန်းစွဲနေတာ၊ ဒီလူက အရက် သမား၊ ဒီလိုရှုံ့ချကြပေမယ့်လို့ အေး ရှုံ့ချသာရှုံ့ချတာ နော်၊ လောကမှာ အရက်သမားတွေကလည်း ဂုဏ်ရှိမြဲ ရှိနေတာပဲ။ ဒီလူက နိုင်ငံခြားအရက်မှ သောက်တာလို့ ဂုဏ်ယူပြောကြတယ်။ အရပ်ထဲ အရက်သောက်ပြီး

တော့ လျှောက်ရမ်းတဲ့လူလောက်သာ အရက်သမားလို့ သတ်မှတ်တာကိုး။ အဲဒီတော့ တကယ့်အဖိုးတန်တဲ့ အရက် သောက်နေတဲ့သူကိုတော့ အရက်သမားလို့ မသိကြဘူး။

ဘယ်သူပဲသောက်သောက် အရက်ဟာအရက်ပဲ၊ မူးယစ်ဆေးဝါးဟာ မူးယစ်ဆေးဝါးပဲ။ ကဲ၊ အဲဒီ မူးယစ် ဆေးဝါး သောက်စားနေပါလျက်နဲ့ ဘာဖြစ်လို့ လူကြီး လူကောင်း ဖြစ်ရတာလဲနော်။ ဓမ္မရှုထောင့်က ကြည့် မယ်ဆိုရင် အရက်သောက်တဲ့လူဟာ လူကြီးလူကောင်း မဟုတ်တော့ဘူး။ အေး၊ တချို့က ပြောသေးတယ်၊ အများနဲ့ ဆက်ဆံရတာမို့ ဒါလေးမပါလို့ မဖြစ်ဘူးတဲ့၊ ပေါင်းသင်းဆက်ဆံရေးမှာ ဒါလေးပါဦးမှတဲ့။ လျှော့ ဈေးနဲ့ တွက်တာလေ။ ဒါမပါရင် အလုပ်မဖြစ်ဘူး ဆိုပြီး တော့ အလုပ်ဖြစ်အောင် သောက်ရတယ်လို့ ဆိုကြ တယ်။ ဒါကတော့ ဆင်ခြေပေးတာနဲ့တူတယ်။ ကြည့်ရ တာ သောက်ချင်လို့သောက်တယ်ပဲ ပြောလိုက်ပါတော့၊ ဘာလို့ အလုပ်ဖြစ်အောင် သောက်နေရသလဲနော်။

အေး၊ တချို့ကလည်း ပြောကြတယ်၊ အရက်သောက်ပြီး ကိုယ့်ဟာကိုယ် ဗိုက်မှောက်ပြီးအိပ်နေရင် အကုသိုလ်မဖြစ်ဘူး။ ဘယ်သူ့မှ ဒုက္ခပေးတာမှ မဟုတ်ဘဲလို့ ဒီလိုထင်ကောင်းထင်လိမ့်မယ်။ မဟုတ်ဘူး။ မူးယစ်ဆေးဝါးသောက်တဲ့ပုဂ္ဂိုလ်ဟာ အတွေးအခေါ်က စပြီးတော့ ပျက်စီးလာတယ်။ ဦးနှောက် ထိခိုက်လာတယ်၊ ဒီအရည် ဝင်သွားလို့ရှိရင် ဦးနှောက်လာထိခိုက်တယ်လို့ ဆရာဝန်တစ်ဦးက ပြောဖူးတယ်။ ထိခိုက်လာတဲ့အခါ တွေးတာခေါ်တာကစပြီး မမှန်တော့ဘူးတဲ့။

တချို့ စာရေးဆရာတွေက ရေးကြသေးတယ်။ အရက်ကလေးသောက်မှ ဉာဏ်ပွင့်တယ်တဲ့။ မဟုတ်တဲ့ ဉာဏ်တွေကတော့ ပွင့်ချင်ပွင့်မှာပေါ့။ ဘယ်လိုဉာဏ်မျိုးတွေ တုံးသွားတုန်းဆိုတော့ နိဗ္ဗာန်ရဖို့ တရားထူး တရားမြတ်ရဖို့ သူတော်ကောင်းရဲ့ ဉာဏ်မျိုးကျတုံးတယ်။ မဟုတ်တရုတ်ဉာဏ်တော့ ပွင့်ကောင်းပွင့်မယ်ပေါ့။ ဒါ အဲ့မဟုတ်တရုတ် အတွေးတွေ ပွင့်တာကိုပဲ ဉာဏ်ပွင့်တယ်လို့ပြောတာ ဖြစ်လိမ့်မယ်။

အဲဒီတော့ အရက်သေစာ သောက်စားခြင်းဖြင့် လူရဲ့အတွေးအခေါ်တွေဟာ လွဲမှားလာတယ်။ အရက်ရဲ့ effect က အရက် သွေးထဲရောက်လာရင် အတွေးအခေါ်တွေ မှားယွင်းလာတယ်။ အဲဒီ မှားယွင်းလာမှုဟာ ကိုယ့်ဘဝမှာ ရရှိလာမယ့် တကယ့်တန်ဖိုးရှိတဲ့ ဓမ္မအသိဉာဏ်တွေ လက်လွှတ် ဆုံးရှုံးသွားတာပဲ။ ဆုံးရှုံးမှုတစ်ခုပဲ။ အသိပညာတွေ ဆုံးရှုံးတာလည်း ဆုံးရှုံးမှုတစ်ခုပဲ။ ဒါတင်မကဘူး၊ လွန်ကျူးလာလို့ရှိရင် ကိုယ့်ရဲ့အကျိုးစီးပွားကို ဆောင်ရွက်နိုင်စွမ်း မရှိဘူး၊ သူတစ်ပါးရဲ့ အကျိုးစီးပွားကို ဆောင်ရွက်နိုင်စွမ်း မရှိဘူး။ တရားအသိဉာဏ်တွေက ဝေးလာတယ်။ ဝေးလာသည့်အတွက်ကြောင့် သံသရာထဲမှာဒုက္ခပေးတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာတယ်ပေါ့။

မူးယစ်ဆေးဝါးသုံးစွဲတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ မူးယစ်နေသည့်အတွက်ကြောင့် အသိဉာဏ်တွေဆုံးရှုံးသွားပြီး **ပါဏာတိပါတ** အမှုလည်း ကျူးလွန်နိုင်တာပဲ၊ **အဒိန္နာဒါန** အမှုလည်း ကျူးလွန်နိုင်တာပဲ။ **ကာမေသုမိစ္ဆာစာရ**တို့၊ **မုသာဝါဒ**တို့လည်း ကျူးလွန်

နိုင်တာပဲ။ အဲဒီလို **သုရာမေရယက** ကျန်တဲ့ပြစ်မှုတွေ ပါ ကျူးလွန်စေတတ်တဲ့ အကြောင်းတရားရှုထောင့်က ကြည့်ရင် ပိုပြီးဆိုးတယ်လို့ ပြောနိုင်တယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က **အင်္ဂုတ္တိုရ် ဒုစ္စရိတဝိပါတ** သုတ်မှာ ဘယ်လိုဟောထားတုန်းဆိုရင် **သုရာမေရယပါနံ အာသေဝိတံ**–သုရာပါနဟာ အကြိမ်ကြိမ် အထပ်ထပ် လုပ်လာလို့ရှိရင် အပါယ်ငရဲမှာ ဖြစ်စေနိုင်တယ်တဲ့။ **သုရာပါန** ရဲ့ အပေါ့ဆုံးအပြစ်က တော့ အရူးအနှမ်း ဖြစ်စေတတ်တယ်တဲ့။ အခုခေတ် မွေးလာကတည်းက ဦးနှောက်ကျပ်မပြည့်တာတို့နော်။ ဆရာဝန်တွေကတော့ ပြောမှာပေါ့၊ ဦးနှောက် ကျပ် မပြည့်တာ ဘာဓာတ်တွေ ချို့ယွင်းလို့တို့ ဘာလို့တို့ ပြောမှာပေါ့နော်။ အဲဒီလို ချို့ယွင်းတာကိုက ကံကြောင့် ချို့ယွင်းသွားတာကိုး။ တခြားသူမှာ မချို့ယွင်းဘဲ ကိုယ့် ကျမှ ချို့ယွင်းတယ်ဆိုတော့ ကံကြောင့်ပဲပေါ့။ ကျပ် မပြည့်တဲ့ပုဂ္ဂိုလ်မျိုးတွေ ဖြစ်တတ်တယ်တဲ့။

**သုရာမေရယ** မှ ရှောင်လိုက်တာနဲ့ တစ်ပြိုင်နက် ပတ်ဝန်းကျင်အတွက် အေးချမ်းသာယာမှု၊ ဘေးရန်

ကင်းမှုကို ပေးရာရောက်ပါတယ်တဲ့။ ဒါကြောင့် **မဟာဒါန** တစ်ခုပါလို့ ဟောဒီသုတ္တန်မှာ ဒီလိုဟောထားတာ။ **မဟာဒါန** မြတ်သောအလှူတွေတို့ လှူနေရတယ်လို့ စိတ်ထဲက ဝမ်းသာစရာအလွန်ကောင်းတယ်ပေါ့။

မြတ်စွာဘုရားက ငါးပါးသီလကို **မဟာဒါန** လို့ ဟောဒီလို ဟောခဲ့တယ်။ ဒီ **မဟာဒါန**ဆိုတဲ့ အယူအဆဟာ ခုမှပေါ်တာ မဟုတ်ဘူးတဲ့။ ဟိုးရှေးတုန်းကတည်းက တကယ့်သူတော်ကောင်းတို့ရဲ့ အဆက်အနွယ်ကမ္ဘာဦးကာလကပေါ်လာတာ ဖြစ်သည့်အတွက် ဘယ်ပညာရှိကမှ မပယ်ဖျက်ဘူးတဲ့။ ဟောဒီ ငါးပါးသီလဆိုတဲ့ ကိုယ်ကျင့်တရားဟာ ပယ်ဖျက်ရမယ့်တရားမဟုတ်ဘူး။ အဲဒီ ကိုယ်ကျင့်တရားဟာ အလွန်ကြီးမားတဲ့ '**အဘယဒါန**' မြတ်သောအလှူဒါနကြီး ဖြစ်ပါတယ်လို့ ဟောခဲ့တာ။ အဲဒါတင်မကဘူး၊ မြတ်စွာဘုရားက ဒီ ငါးပါးသီလ ကျင့်သုံးတယ်ဆိုတဲ့ဟာတဲ့၊ '**ပုညာဘိသန္ဒ**' ကုသိုလ်ကောင်းမှုတွေဟာ တသွင်သွင်စီးဝင်နေတယ်။ သာမန်အားဖြင့် ကြည့်မယ်ဆိုရင်တော့ အေး၊ သူများအသက်သတ်ခြင်းမှ ရှောင်လိုက်တာ၊ ရှောင်လိုက်သည့်

အတွက်ကြောင့် ဘာမှမရလိုက်ဘူးလို့ ထင်ကောင်း ထင်လိမ့်မယ်။ **အဒိန္နာဒါန**–သူများပစ္စည်းကို မခိုးတာ၊ ရှောင်လိုက်တာ ဘာမှမရဘူးလို့ ထင်ကောင်းထင်လိမ့် မယ်။ ဟော၊ အဲဒီရှောင်လိုက်တဲ့ ကုသိုလ်စေတနာဟာ အင်မတန်မှ အရှိန်အဟုန်နဲ့ မိမိရဲ့သန္တာန်မှာ စီးဝင်နေ တဲ့၊ ဖြစ်ပွားနေတဲ့ကုသိုလ်တစ်ခုပါတဲ့။ **'ပုညာဘိသန္ဒ'** **'ကုသလာဘိသန္ဒ'** ဆိုတဲ့ အသုံးကို မြတ်စွာဘုရားက အသုံးပြုတော်မူတယ်။ **အဘိသန္ဒ** ဆိုတာ စဉ်ဆက် မပြတ် စီးဝင်နေတယ်။ **ပုည** ဆိုတာ ကောင်းမှု။ **ကုသလ** ဆိုတာ ကုသိုလ်။ ဩော်၊ **ပါဏာတိပါတ** ရှောင်လိုက်တာနဲ့ တစ်ပြိုင်နက် ကိုယ့်သန္တာန်မှာ ကုသိုလ်တွေဟာ ဒလဟော စီးဝင်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ကုသိုလ်တွေရနေတယ်လို့ ဒီလိုပြောတာ။

ဒီ **'ပုညာဘိသန္ဒ'** စီးဝင်လာတဲ့ကုသိုလ်ဟာ ဘာ တွေ အကျိုးပြုတုန်းဆိုရင် **သုခဿာဟာရ**၊ မိမိသန္တာန် မှာ ချမ်းသာသုခတွေ ယူလာတယ်တဲ့။ ကုသိုလ်က ကိုယ့်ဆီ ကောင်းတာတွေ ယူလာလိမ့်မယ်လို့ပြောတာ နော်။ ငွေကြေးနေကတော့ ချမ်းသာသုခကိုသာ ယူလာ

တာမဟုတ်ဘူး၊ သူခိုးဓားပြကိုလည်း ခေါ်လာတတ်သေးတယ်။ ကုသိုလ်ကတော့ သူခိုးဓားပြကိုခေါ်မလာဘူး၊ ငွေကြေးနေကသာ သူခိုးဓားပြကို ခေါ်လာတတ်တာ။ ဒါကြောင့်မို့ ငွေကြေးကိုတော့ 'သုခသဿာဟာရ' ချမ်းသာကို ယူလာတယ်လို့ ပြောလို့မရဘူး။ တစ်ဖက်ကဆင်းရဲဒုက္ခကိုပါ ပေးသွားတတ်တယ်တဲ့။ အေး၊ ဒီကုသိုလ်ကောင်းမှုကတော့ 'သုခသဿာဟာရ' တကယ့်ကို ချမ်းသာကို ဆောင်ယူလာတဲ့ သဘာဝတရားတစ်ခုပဲတဲ့။

ချမ်းသာသုခကိုသာ ယူဆောင်သလားဆိုတော့ မဟုတ်ဘူး၊ ဒီကုသိုလ်ကောင်းမှုဟာနော်။ 'သောဝဂ္ဂိက' ကောင်းတဲ့အခြေအနေတွေကို ပေးတတ်သေးတယ်။ ကောင်းတဲ့အခြေအနေတွေဆိုတာ မျက်စိကမြင်ရရင်လည်း အကောင်းပဲ။ အခု ဘုန်းကြီးတို့တစ်တွေ မျက်စိက ကောင်းတာလည်းမြင်ရတယ်၊ ဆိုးတာလည်းမြင်ရတယ်နော်။ မျက်စိဆိုတာ ရွေးလို့မှမရတာ။ နားကလည်း ကိုယ်ကြိုက်တဲ့အသံကိုသာ နားထောင်လို့ မရဘူး။ မကြိုက်တဲ့အသံတွေလည်း နားထောင်နေရတယ်။

နှာခေါင်းကလည်း ကောင်းတဲ့အနံ့ကိုသာ ရှူချင်လို့ ဘယ်ရမလဲ၊ မကောင်းတဲ့အနံ့ကလည်း တိုးဝင်လာတာပဲ။ လျှာကလည်း ကောင်းတာချည်း မဟုတ်ဘူး၊ မကောင်းတာလည်း တွေ့တာပဲ။ ခန္ဓာကိုယ်ကလည်း ကောင်းတဲ့ အထိအတွေ့ရှိသလို မကောင်းတဲ့ အထိအတွေ့ ရှိတယ်။

အေး၊ အဲဒီလို အမျိုးမျိုးရှိတဲ့အထဲမယ် ဟောဒီ ပါဏာတိပါတ က ရှောင်ကြည်လိုက်လို့၊ ဒီ ငါးပါးသီလ လုံလိုက်လို့ ကုသိုလ်တွေ စီးဝင်လာပြီဆိုရင် အဲဒီ ကုသိုလ်က မြင်ရင်လည်း အကောင်းချည်းပေးမယ်တဲ့။ ကြားရင်လည်း အကောင်းချည်းပဲ။ အနံ့ရရင်လည်း အကောင်းချည်းပဲ။ လျှာနဲ့လျက်ရရင်လည်း အကောင်းချည်းပဲ။ မကောင်းတာ တစ်ခုမှမပါဘူးလို့ ဆိုလိုတယ်။

ဟော၊ နောက်တစ်ခုက ဘာတုန်း။ **'သုခဝိပါက'** ချမ်းသာတဲ့အကျိုးကို ပေးတယ်။ **'သဂ္ဂသံဝတ္တနိက'** ကောင်းရာသုဂတိ နတ်ဘုံ နတ်စည်းစိမ်ကို ဖြစ်ပေါ် စေတတ်တယ်တဲ့။ သူ့အကျိုးတရားတွေက အကုန်

အကောင်းတွေချည်းပဲ။ ဒါကြောင့်မို့လို့ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်က ဒီ ငါးပါးသီလဟာ သာမန် မဟုတ်ဘူးတဲ့။ **မဟာဒါန** လို့ ခေါ် ရရုံတင် မဟုတ်ဘူး၊ **ပါဏာတိပါတ** က ရှောင်ကြဉ်လိုက်တယ်ဆိုတဲ့ ဒီ စေတနာလေး ဖြစ်လာတာဟာ ကိုယ့်သန္တာန်မှာ ချမ်းသာသုခတွေ ဆောင်ယူလာမယ့် ကုသိုလ် ရေ အလျဉ် တသွင်သွင်စီးဝင်လာတာနဲ့ တူတယ်တဲ့။

ဟော၊ တစ်ဖက်က ကြည့်ကြဦးစို့။ ငါးပါးသီလကို သာမန်ကြည့်လိုက်ရင် ဒါ သီလလေးပဲ ဆိုပြီးတော့ အထင်သေးကောင်း သေးလိမ့်မယ်။ ဘာဝနာမလုပ်ရင် မရဘူးတို့၊ သမာဓိလုပ်ငန်းဝေးရင် မရဘူးတို့ ပြော ကောင်းပြောလိမ့်မယ်။ ကဲ၊ ငါးပါးသီလဟာ မဂ္ဂင်ရှစ်ပါး ထဲမှာ ကြည့်လိုက်မယ်ဆိုရင် **သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ**ပဲ။ အဲဒီ ငါးပါးသီလနဲ့ လုံလုံခြုံခြုံအသက် မွေးရင် **သမ္မာအာဇီဝ**ဖြစ်တယ်။ **သမ္မာအာဇီဝ**ဆိုတာ မဂ္ဂင်ရှစ်ပါးထဲမှာ ပါတဲ့အတွက်ကြောင့် မြတ်စွာဘုရား က မဂ္ဂင်ရှစ်ပါးဆိုတာ **မဇ္ဈိမပဋိပဒါ**ပဲ။ **မဇ္ဈိမပဋိပဒါ**ကို ဘုရားက ဘယ်လိုဟောတုန်း။ '**စက္ခုကရဏီ၊ ဉာဏ**

**ကရဏီ၊ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ'** နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်တဲ့သတ္တိ ရှိတယ်တဲ့။ ငါးပါးသီလလုံအောင် ကျင့်နေခြင်းသည် ပင် မဂ္ဂင်ရှစ်ပါး အကျင့်တရားထဲက **သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝ**ကို ကျင့်ရာမရောက်ပေဘူးလား။ ရောက်တယ်တဲ့။ အဲဒါမပါရင် ကျန်တဲ့ **သမ္မာဝါယာမ၊ သမ္မာသတိတို့၊ သမ္မာသမာဓိ**တို့ဆိုတာ မဖြစ်နိုင်ဘူး။ သူက ပိုပြီးတော့ အခြေခံကျတယ်။

ဒါကြောင့်မို့လို့ မြတ်စွာဘုရားက ဒီ ငါးပါးသီလ ဟာ ရှောင်ကြဉ်လိုက်တယ်လို့ ဆိုလိုက်တာနဲ့ တစ်ပြိုင် နက် ကုသိုလ်တွေ ကိုယ့်သန္တာန်မှာ စီးဝင်ပြီးတော့ နိဗ္ဗာန်လမ်းကြောင်းပေါ်မှာ ဦးတည်မိတာနဲ့ အတူတူ ပဲပေါ့။ မဂ္ဂင်ရှစ်ပါး အကျင့်တရားထဲက အဲဒီ သုံးပါး ကျင့်လိုက်မိပြီပေါ့။ သုံးပါးပေါ် ရောက်လာပြီဆိုရင် ကျန်တဲ့ ငါးပါးအပေါ်ရောက်ဖို့ ကိုယ်က ဆက်လုပ်ဖို့ပဲ ကျန်တော့တယ်ပေါ့။ ဒီလို ဆိုလိုတယ်။

အဲဒီတော့ **ဣဋ္ဌ**–လိုချင်စရာတွေကို ဒီကုသိုလ်က ပေးတယ်။ **ကန္တ**– နှစ်သက်စရာတွေ၊ **မနာပ**– မြတ်နိုး

စရာတွေ ဒီကုသိုလ်ကပေးမယ်။ မြတ်စွာဘုရားက ငါးပါးသီလကို မဟာဒါနလို့ ဟောပြီးတဲ့အခါမှာ ထိုငါးပါးသီလရဲ့ အကျိုးတရားတွေ၊ ဒီရှောင်ကြဉ်မှုရဲ့ စေတနာ၊ ဒီကုသိုလ်ရဲ့ အကျိုးတရားတွေကို ဒီလိုဟောထားတာ အားရစရာ၊ အလွန်အားရစရာကောင်းတာပေါ့။

ရှေးဆရာတွေက ဟောကြတယ်၊ ဆုံးမစာတွေ ရေးကြတယ်။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမယ်တဲ့ ဒီလိုပြောတယ်။ အင်မတန်မှ လိုအပ်တဲ့အရာ ဖြစ်လို့ ဒီလိုဟောတာ။ အခု ဒီသုတ္တန်မှာကျတော့ မြတ်စွာဘုရားက ဒီငါးပါးသီလကို'မဟာဒါန မြတ်သောအလှူ' ကြီးကျယ်မြင့်မြတ်တဲ့ အလှူဒါနကြီးတစ်ခုလို့ ဒီလိုဟောတယ်။ ငါးပါးသီလနဲ့အတူ ဘာကိုထည့်ဟောတုန်းဆိုတော့ မြတ်စွာဘုရားက တကယ့်ကို မပြတ်စီးဝင်နေတဲ့ ကုသိုလ်တွေဆိုတဲ့အထဲမယ် သရဏဂုံသုံးပါးလည်း ပါတယ်တဲ့။ မြတ်စွာဘုရားကို ကိုးကွယ်ရာလို့ ဆည်းကပ်ပြီဆိုရင် ဆည်းကပ်တယ်ဆိုတဲ့ ကုသိုလ်စေတနာဟာ ကုသိုလ်အားလုံး မိမိသန္တာန်မှာ စီးဝင်

လာဖို့ရာအတွက် လမ်းဖွင့်ပေးတာ ဖြစ်သောကြောင့် ကုသိုလ်အလျဉ်ဟာ စီးဝင်လာတယ်လို့ ဒီလိုပြောတာ နော်။ ဘုရားကို ကိုးကွယ်တယ်၊ တရားကို ကိုးကွယ်တယ်၊ သံဃာကို ကိုးကွယ်တယ်၊ ဒီကိုးကွယ်မှု သုံးရပ်ဟာလည်းပဲ '**ကုသလာဘိသန္ဒ ပုညာဘိသန္ဒ**' စီးဝင်လာတဲ့ကုသိုလ်တွေ၊ ကိုယ့်သန္တာန်မှာ စီးဝင်လာတဲ့ ကောင်းမှုတွေပဲလို့ မြတ်စွာဘုရားက ဒီလိုဟောတာ။

အဲဒီတော့ **သရဏ** လို့ ဆိုတဲ့နေရာမှာ **သရဏ** ဆိုတာ ဘာကိုပြောတာလဲ၊ ဘေးရန်အန္တရာယ် အဆိုးတွေကို ဖယ်ရှားပစ်နိုင်တဲ့ စွမ်းအားရှိတဲ့ အရာလို့ ဒီလိုဆိုတယ်။ မြန်မာလိုက ကိုးကွယ်ရာလို့ ဒီလို ပြန်ပေမယ့်လို့ **သရဏ**ဆိုတဲ့ စကားလုံးအဓိပ္ပာယ်က ဖယ်ရှားပစ်ခြင်း၊ ဘာကို ဖယ်ရှားပစ်တာတုန်း။ ဆင်းရဲဒုက္ခတွေကို ဖယ်ရှားပစ်တာ။ အဲဒီတော့ ဆင်းရဲဒုက္ခတွေကို ဖယ်ရှားပစ်တာ ဘယ်အရာက ဖယ်ရှားတာတုန်းမေးရင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးက ဖယ်ရှားပစ်တယ်။ ဒါဖြင့် ဘယ်လိုပုံစံ ဖယ်ရှားပစ်တာတုန်း။ ကြည့်၊ မြတ်စွာဘုရားက သတ္တဝါတွေကို

ကောင်းကျိုးချမ်းသာ ရဖို့အတွက် ကုသိုလ်ကောင်းမှုတွေကို လုပ်ဖို့၊ မကောင်းကျိုးတွေ လွတ်ကင်းဖို့ရာအတွက် အကုသိုလ်တွေကိုရှောင်ဖို့ဆိုတဲ့ ဆုံးမဩဝါဒပေးတယ်။ ဆုံးမဩဝါဒအတိုင်း လိုက်နာမယ်ဆိုရင် ကျရောက်မယ့် ဘေးအန္တရာယ်တွေ မကျရောက်တော့ဘူး။ ဆုံးမဩဝါဒပေးပြီး လမ်းညွှန်ပြခြင်းဖြင့် သတ္တဝါတွေသန္တာန်မှာ ကျရောက်မယ့် ဘေးအန္တရာယ်တွေ ဖယ်ရှားပစ်တယ်လို့ ဒီလိုပြောတာ။

အဲဒီတော့ ဖယ်ရှားပေးတယ်ဆိုတော့ ဘုရားက ဘာနဲ့ဖယ်ရှားတာတုန်းဆိုရင် တရားနဲ့ ဖယ်ရှားတာပေါ့။ ဆရာဝန်တွေက လူတွေရဲ့သန္တာန်မှာဖြစ်တဲ့ ရောဂါကို ကုတယ်ဆိုတာ သူ့လက်နဲ့ကုတာမှမဟုတ်တာ၊ ဘာနဲ့ ကုတာတုန်း၊ ဆေးနဲ့ကုတာ။ ဆေးမတိုက်ရင် ပျောက်မှာမှ မဟုတ်တာ။ အဲဒီတော့ မြတ်စွာဘုရားကလည်း သတ္တဝါတွေကို ဘေးရန်အန္တရာယ်က ဖယ်ရှားပေးတယ်ဆိုတာ တရားနဲ့ ဖယ်ရှားပေးတာပေါ့။ ဒီတရားကို ကျင့်သုံးခြင်းဖြင့် ဘေးရန်အန္တရာယ်တွေ လွတ်ကင်းနိုင်တယ်ဆိုပြီး အဲဒီတရားကို ညွှန်ပြတယ်။ အဲဒီလို

မြတ်စွာဘုရားက ညွှန်ပြခြင်းဖြင့် ဘေးရန်အန္တရာယ်က လွတ်အောင်လုပ်တယ်။

တရားဓမ္မကတော့ ညွှန်ပြတဲ့အတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် ဘေးရန်အန္တရာယ်က လွတ်စေတယ်။ ဒါကြောင့်မို့လို့ 'သရဏ' လို့ခေါ်တာ။ သံဃာတွေကိုတော့ ဘာဖြစ်လို့ သရဏ လို့ခေါ်တုန်းဆိုရင် အေး၊ သံဃာ့ဂုဏ်ကို အာရုံပြုပြီးတော့ လူတွေ ကုသိုလ်ကောင်းမှုလုပ်မယ်၊ လက်အုပ်လေး တစ်ကြိမ်လောက် ချီလိုက်မယ်၊ တစ်ကြိမ်တစ်ခါလေး ဦးနှိမ်ပြီးတော့ ရှိခိုးလိုက်မယ်၊ ဟော ပစ္စည်းလေးပါး လှူဒါန်းလိုက်မယ်ဆိုရင် အင်မတန်ကြီးမြတ်တဲ့၊ အတိုင်းအတာကင်းမဲ့တဲ့ ချမ်းသာသုခတွေကို ရရှိမယ်။ အဲဒီလို ရရှိစေတာဟာ ဘာက ရရှိစေတာတုန်းဆိုရင် သံဃာတွေ ကျင့်သုံးတဲ့ ကိုယ်ကျင့်သီလ။ ဆိုပါစို့ မြေဩဇာကောင်းတဲ့ မြေထဲမှာ သစ်ပင်လေးတစ်ပင်စိုက်တယ်၊ အသီးအနှံလေး တစ်ပင်စိုက်တယ်၊ သရက်ပင်လေးတစ်ပင် စိုက်တယ်။ စိုက်လိုက်တဲ့အခါ ကိုယ်စိုက်တာကတော့ တစ်စေ့ထဲပဲ၊ ဒါပေမယ့်လို့ နှစ်စဉ်နှစ်စဉ် သီးပေးတာက ထောင်ချီ၊

သောင်းချီသီးတာ။ တစ်နှစ်ထဲလည်း မဟုတ်ဘူးနော်၊ နှစ်ပေါင်းများစွာသီးတာ။ အဲဒါ ဘယ်သူက ပေးတာ တုန်းဆိုရင် ဒီ မြေကောင်း ရေကောင်းက ပေးတာပဲ ပေါ့။ အဲဒီလိုပဲ သံဃာကိုလှူလိုက်လို့ ရရှိတယ်ဆိုတာ သံဃာအပေါ်မှာ ပျိုးလိုက်တဲ့ ကိုယ့်ရဲ့ကုသိုလ်စေတနာ ဟာ ထပ်တလဲလဲ သီးပွင့်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ပြောတာပေါ့။ အဲဒီလို သီးပွင့်မှုကို ရရှိစေတာဟာ ဒါ သံဃာရဲ့ဂုဏ်ပဲပေါ့။ အဲဒီလို သီးပွင့်မှုကို ရရှိစေခြင်း ဖြင့် အပါယ်ငရဲတို့၊ ဆင်းရဲဒုက္ခရောက်ရမယ့် အနေ အထားတွေကို ဖယ်ရှားပစ်လို့ သံဃာကိုလဲ သရဏ လို့ခေါ်တယ်။

အဲဒီ **သရဏ** လို့ခေါ်တဲ့ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တဲ့စိတ်ဓာတ်လေးက **သရဏဂမန**၊ အဲဒီစိတ်ဓာတ်ကလေးက ဒါ ကုသိုလ်စိတ်ဓာတ်ကလေး နော်။ အဲဒီလို ကုသိုလ်စိတ်ဓာတ်ကလေး ဖြစ်လာတာ ဟာ သာမန်ကုသိုလ် မဟုတ်ဘူးတဲ့။ '**ပုညာဘိသန္ဒ၊ ကုသလာဘိသန္ဒ**' ဒါကို အကြောင်းပြုပြီး ကုသိုလ်တွေ

ကိုယ့်သန္တာန်မှာ မပြတ်စီးဝင်လာနိုင်တယ်လို့ မြတ်စွာဘုရားက ဒီသုတ္တန်မှာ ဟောတာ။

အဲဒီတော့ ဘုန်းကြီးတို့တစ်တွေ သရဏဂုံ ၃-ပါးနှင့်တကွ ငါးပါးသီလကို ခံယူဆောက်တည်ခြင်းဖြင့် **မဟာဒါန** ဆိုတဲ့ ကြီးမြတ်တဲ့ အလှူဒါနကို တို့တစ်တွေ ပေးလှူရတယ်လို့ စိတ်ထဲမှာ အဲဒီလို အာရုံပြုရမယ်။ အဲဒီလို အာရုံပြုလိုက်မယ်ဆိုရင် ကိုယ်ဟာ အင်မတန်ကြီးမြတ်တဲ့ အလှူဒါနကြီး၊ ဘုရားအဆူဆူ ချီးမွမ်းတော်မူတဲ့ အလုပ်ကို လုပ်ရုံမျှမက မဂ္ဂင်ရှစ်ပါး အကျင့်တရားဆိုတဲ့ လမ်းကြောင်းပေါ်ကို တို့တစ်တွေ တက်ရောက်နေကြပါလားလို့ စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့လိုအပ်တယ်။

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့သည် သရဏဂုံသီလကို ဆောက်တည်ကြတဲ့အခါမှာ သာမန်အနေအထားနဲ့ မဟုတ်ဘဲ မိမိစောင့်ထိန်းထားတဲ့ ငါးပါးသီလပဲဖြစ်စေ အလေးအနက် ဆင်ခြင်စဉ်းစားပြီး တို့တစ်တွေဟာ မဂ္ဂင်ရှစ်ပါး အကျင့်တရား

ထဲမှာ ခြေတစ်လှမ်းဝင်နေတာပဲလို့ စိတ်ထဲမှာဝမ်းသာအားရဖြစ်ပြီး မိမိတို့သီလကို စင်ကြယ်သည်ထက် စင်ကြယ်အောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

# မွေမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များက ရေးကူးကာ စာမူများကို ဆရာတော်ကြီးထံပေးပို့ကြပါသည်။ ဆရာတော်ကြီး ကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်း လိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

# ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊
မြေအောက်ထပ်။
ဖုန်း ၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

# အရှင်နန္ဒမာလာဘိဝံသ

## ၏

## ထုတ်ဝေပြီး ဓမ္မစာအုပ်များ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်

၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ မေ့မှတ်ကျောက်
၂၀။ မေ့အသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ မေ့လက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ မေ့ဗျူဟာအသင်းသူ/သားများ၏ အမေးကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ

# ဓမ္မစာပေပြန့်ပွားရေး
# ထာဝရပဓာနသာပင် အလှူရှင်များ

| | | |
|---|---|---|
| ၁။ | အနန္တငါးပါးနှင့် ကျေးဇူးရှင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တနန္ဒမာလာဘိဝံသ(Ph.D)တို့ကို ဦးထိပ်ထားလျက် ဘိုးဘွားမိဘဆွေမျိုးများနှင့် ဦးတင်စိုးတို့ကို ရည်စူး၍ ဒေါ်လှခင်မိသားစု။ (ကိုကျော်သင်းဆေးဆိုင်)မင်္ဂလာဈေး။ | ၁၀၀,၀၀,၀၀၀ |
| ၂။ | ဦးအုန်းကျော်+ဒေါ်ခင်မမ သား မောင်မြတ်မင်းထင်ကျော်၊ မောင်ရဲမင်းသွင်ကျော် သမီး မကြည်လဲ့ရှန်းကျော် မိသားစု။ | ၅၀,၀၀,၀၀၀ |
| ၃။ | ဒေါက်တာမြမြဝင်း၊ ဒေါက်တာဆန်းဆန်းဝေ အမှတ် ၁၁၃(ဘီ)၊ မြေညီ၊ လမ်း(၂၀)၊ လသာ။ | ၇,၀၀,၀၀၀ |
| ၄။ | ဦးမြင့်သန်း+ဒေါ်ခင်မမ ရွှေဟင်္သာမှတ်တိုင်၊ မုံရွာမြို့။ | ၅,၀၀,၀၀၀ |
| ၅။ | ဦးခင်ရွှေ+ဒေါ်မေလှိုင် မိသားစု။ | ၃,၀၀,၀၀၀ |
| ၆။ | Singapore မှ အလှူရှင်များ | ၃,၀၀,၀၀၀ |
| ၇။ | ဦးချစ်မွှေး+ဒေါ်မြင့်မြင့်ရီ သား မောင်ဝေလျှံဦး။ သမီး မမေမြတ်သူနိုင် မိသားစု | ၃,၀၀,၀၀၀ |

| | | |
|---|---|---|
| ၈။ | ဦးသောင်းငွေ+ဒေါ်ခင်စောဝင်း မိသားစု | ၃,၀၀,၀၀၀ |
| | သား-မင်းသောင်းခန့်၊ ကျော်ညီညီခန့်။ (၇)မိုင်ခွဲ | |
| ၉။ | ဦးညီညီ+ဒေါ်မြင့်မြင့်ခင် မိသားစု၊ အလုံ | ၂,၀၀,၀၀၀ |
| ၁၀။ | မိဘများအား ရည်စူး၍ | ၂,၀၀,၀၀၀ |
| | ဦးမြင့်အောင်+ဒေါ်သန်းသန်းဝင်း။ | |
| | သား ကိုသူရိန်အောင်၊ သမီး ဆုမွန်ချမ်းအောင် | |
| | မိသားစု။ ဒိုက်ဦး | |
| ၁၁။ | ဦးစံသာ+ဒေါ်မေဦးခင်၊ သမီး - စံသာရတနာ | |
| | သား - မောင်စံသာသုခ မိသားစု။ | ၁,၅၀,၀၀၀ |
| ၁၂။ | ရွှေပြည်ဟိန်းဆရာတော်၏မယ်တော်ကြီး ဒေါ်အမာ။ | ၁,၀၀,၀၀၀ |
| ၁၃။ | ဦးမြဟန်+ဒေါ်သီတာစီ မိသားစု။ | ၁,၀၀,၀၀၀ |
| ၁၄။ | ကိုကျော်ဆန်းလွင်+ဒေါ်မြင့်မြင့် | ၁,၀၀,၀၀၀ |
| | သမီး မမြပန်းအေး၊ မပူးပွင့်ဟန် | |
| ၁၅။ | ဦးအောင်+ဒေါ်လှစိန် | ၁,၀၀,၀၀၀ |
| | အောင်သပြေ ငါးခြောက်ရောင်းဝယ်ရေး၊ မုံရွာမြို့။ | |
| ၁၆။ | ဦးဝင်းမြင့်+ဒေါ်ခင်မေဝင်း | ၁,၀၀,၀၀၀ |
| | နေ-လ ဆေးဆိုင်၊ အလယ်ရပ်၊ မုံရွာမြို့။ | |
| ၁၇။ | ဖခင်ကြီးဦးသိန်းကြည်အား ရည်စူး၍၊ မိခင်ကြီး | |
| | ဒေါ်သန်းကြည်အား အမှူးထားလျက် | |
| | ဒေါ်မြသိန်းနှင့် မောင်နမတစ်စု(ရန်ကုန်) | ၁,၀၀,၀၀၀ |
| ၁၈။ | ဦးရဲမြင့်+ဒေါ်သန်းသန်းနွယ် မိသားစု | ၁,၀၀,၀၀၀ |
| | ကမာရွတ်မြို့နယ်။ | |

| | | |
|---|---|---|
| ၁၉။ | ရွှေတောင်ဦးမှော်-ဆရာတော်(စစ်ကိုင်း) | ၁,၀၀,၀၀၀ |
| ၂၀။ | ဒေါ်စန်းကြည်၊ တူမ မနုနုယဉ်၊ တူ မောင်အောင်ဖုန်း | ၁,၁၁,၀၀၀ |
| ၂၁။ | ဦးကျော်မြင့်အား ရည်စူး၍<br>ဒေါ်သိန်းသိန်းမြင့် မိသားစု၊ ကျောက်မြောင်း။ | ၁,၀၀,၀၀၀ |
| ၂၂။ | ဦးခင်မောင်လွင်+ဒေါ်ခင်ပြုံး မိသားစု | ၁,၀၀,၀၀၀ |
| ၂၃။ | မိဘများနှင့် ဦးငွေသိန်းတို့ကို ရည်စူး၍<br>ဒေါ်ရှယ်လီ၊ သား ကိုရန်နိုင်ဗိုလ်+မခိုင်ရီမွန်<br>မိသားစု။ ဒိုက်ဦး | ၁,၀၀,၀၀၀ |
| ၂၄။ | ဒေါ်ညိုညိုလွင်၊ ဒေါ်ခင်လှတင် | ၁,၀၀,၀၀၀ |
| ၂၅။ | မသန်းသန်းဝင်း၊ မမေသက်ဝေ၊ ရန်ကုန်။ | ၅၀,၀၀၀ |
| ၂၆။ | မိခင် ဒေါ်ခင်နှင်းရီအား ရည်စူး၍<br>ဦးသန်းလွင်နှင့်သမီး မခင်ခင်စု၊<br>နှင်းစာပေရတနာ၊ ဓမ္မစာပေပြန့်ပွားရေး | ၅၀,၀၀၀ |
| ၂၇။ | ဦးတင်ထွန်း+ဒေါ်ခင်ခင်ဦး၊ သမီး မခင်ဖြူထွန်း၊<br>သား မောင်သိန်းထွန်းအောင် မိသားစု။ | ၅၀,၀၀၀ |
| ၂၈။ | ဒေါက်တာနွဲ့တင်ထွဋ် နှင့် အဖွဲ့ | ၅၀,၀၀၀ |
| ၂၉။ | ဒေါက်တာဦးစိုးလွင်+ဒေါ်လှလှချော မိသားစု | ၅၀,၀၀၀ |
| ၃၀။ | ခင်ပွန်း ဦးတင်အောင်နှင့် သမီးငယ်<br>ပိပိအောင်တို့အား ရည်စူး၍ ဒေါ်တင်တင်ဝင်းမိသားစု။ | ၃၀,၀၀၀ |
| ၃၁။ | ဦးမြင့်သိန်း+ဒေါ်ဆွေဆွေ၊ သမီး ဒေါက်တာသီရိရွှေစင်၊<br>သား-မောင်ဖုန်းပြည့်အောင် မိသားစု။ | ၃၀,၀၀၀ |

| | | |
|---|---|---|
| ၃၂။ | မသူသူဇင်ဦး၊ ဒေါ်သက်ထား၊ မချိုချိုသိ | ၃၀,၀၀၀ |
| ၃၃။ | ဦးလှကြည်+ဒေါ်စောနိုင် မိသားစု | ၃၀,၀၀၀ |
| ၃၄။ | ဒေါ်ရွှေသန်း မိသားစု၊ လမ်းမတော်။ | ၃၀,၀၀၀ |
| ၃၅။ | ဦးမောင်လေး+ဒေါ်မြသန်းအား ရည်စူး၍ သားသမီးမြေးတစ်စုကောင်းမှု။ ၄၄-စမ်းချောင်းလမ်း | ၃၀,၀၀၀ |
| ၃၆။ | ဒေါ်သစ္စဝတီ၊ စစ်ကိုင်း | ၂၀,၀၀၀ |
| ၃၇။ | မောင်ရဲမင်းဦး၊ မောင်ကျော်မြတ်နိုင်၊ မောင်သီဟ | ၁၅,၀၀၀ |
| ၃၈။ | ဒေါ်သန်းစိန်၊ ဒေါ်အေးအေးသန်း၊ ပြည်တော်သာလမ်း | ၁၁,၀၀၀ |
| ၃၉။ | ဒေါ်ရှုပုန်၊ ဒေါ်နေဇင်ဦး၊ ဒေါ်ကေသီဦး၊ ဒေါ်နန်းကြည်ထွေး မိသားစု။ | ၁၀,၅၀၀ |
| ၄၀။ | ဒေါ်မွှေဒိန္ဒာ B.A.Student | ၁၀,၀၀၀ |
| ၄၁။ | ဦးကံညွန့်+ဒေါ်ဝင်းကြည် မိသားစု(ရန်ကင်း) | ၁၀,၀၀၀ |
| ၄၂။ | မောင်မင်းမင်းသိုက်+မနှင်းခက်မော် မိသားစု | ၁၀,၀၀၀ |
| ၄၃။ | ဦးဝင်းပေသန်း+ဒေါ်ခင်မြတ်နွယ်၊ သား-မောင်ဝေဖြိုးသန့် မိသားစု | ၁၀,၀၀၀ |
| ၄၄။ | မပိုပို မိသားစု | ၁၀,၀၀၀ |
| ၄၅။ | ဒေါ်ညွန့်ညွန့်ရီ(တောင်သာ)(Level-III သင်တန်းသူ) အပြည်ပြည်ဆိုင်ရာအဘိဓမ္မာတက္ကသိုလ်၊ ကမ္ဘာအေး | ၁၀,၀၀၀ |
| ၄၆။ | မကြေးမုံမင်းထွင်၊ မောင်ရဲမာန်မင်းထွင်၊ မောင်နမ | ၅,၀၀၀ |
| ၄၇။ | ကိုကျော်မြင့်+ဒေါ်ခင်အေးခိုင် မိသားစု။ | ၅,၀၀၀ |